မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၉၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသဝမ်းစာ ဖူလုံရေး ဆန်စပါးစိုက်ပျိုးမှု လျာထားချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ် လှေကားထစ်လယ်မြေများ တိုးချဲ့ဖော်ထုတ်လုပ်ကိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

ချင်းပြည်နယ် မင်းတပ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် မင်းတပ်မြို့မှ မင်းတပ်–ပခုက္ကူလမ်းအတိုင်းထွက်ခွာကြပြီး မိုင်တိုင်အမှတ် ၉၆/၅ မှ ၉၆/၂ အကြားရှိ မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ လက်ဖက်ဧက ၂၀၀ စိုက်ခင်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်စဉ်နှင့် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး အောက်ခြေအထိ ကွင်းဆင်းပြီး ပိုမိုအားထုတ် ပဲခူးတိုင်းအတွင်း မိုးစပါးဧက သိန်း ၃၀ ပြည့်မီကျော်လွန်အောင် ကြိုးပမ်း ဒေသနှင့်ကိုက်ညီမည့် သီးနှံများနှင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မစိုက်ပျိုး



နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းနယ်စပ်ဝမ်းဘောဒတ်တံတားသို့ ရောက်ရှိကြပြီး ယင်းမှတစ်ဆင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ညောင်လေးပင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း အုတ်တွင်းမြို့နယ် ချဉ်ပေါင်ပျော့ဖတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၂၈ရက်)

ပြည်ထောင်စုကြီးအေးချမ်းသာယာတည်တံ့ခိုင်မြဲရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရှမ်းပြည်နယ်သည် ရေ မြေ ရာသီဥတုအခြေအနေ၊ နယ်မြေတည်ရှိမှုအခြေအနေနှင့် သယံဇာတ ဖြစ်ထွန်းမှုအခြေအနေတို့အရ လယ်ယာကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ထို့အပြင် လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့များသည် လက်နက်ကိုင်သောင်းကျန်းမှု၏ လက်တွေ့ ဆိုးကျိုးတရားများကို မှန်မှန်ကန်ကန် နားလည်သိရှိပြီး အေးချမ်းစွာနေထိုင်ရင်း ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးပပျောက်ကင်းရှင်းရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်နေကြသည်။

လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရသည့် ရှမ်းပြည်နယ်ကို အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်က တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသ၊ ပင်လုံဒေသ စသည့်အချက်အချာကျသော ဒေသလေးခုကိုပါ ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးထားသည်။

အဆင့်မြင့်ပညာများကို သင်ကြားနိုင်သည့် တက္ကသိုလ်၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ် ထူထောင်ပေးသကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လိုအပ်သော လမ်း၊ တံတားများအပြင် ရထားလမ်းသစ်များ၊ လေယာဉ်ကွင်းသစ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့သော အခြေအနေကောင်း၌ ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့နှင့် ကျင့်ဝတ်သိက္ခာမစောင့်ထိန်းသော နိုင်ငံခြားမီဒီယာတို့က မြန်မာနိုင်ငံအစိုးရကို သိက္ခာကျဆင်းစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားစေရန်၊ အဆုံးစွန်၌ ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေရန် ရည်ရွယ်ပြီး ရှမ်းပြည်နယ်၌ မူးယစ်ဆေးဝါး အန္တရာယ်ကြီးမားနေသည်၊ ရှမ်းအမျိုးသမီးများကို မတရားပြုကျင့်နေသည်၊ တိုင်းရင်းသားလူမျိုးစုများကို ဖိနှိပ်သုတ်သင်နေသည်၊ လူကုန်ကူးမှုများကျူးလွန်နေသည် စသည်ဖြင့် မမှန်မကန် စွပ်စွဲလျက်ရှိကြသည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့ကို အကြောင်းပြပြီး ယင်းတို့အလိုကျ ရုပ်သေးအစိုးရပုံစံမျိုး ထူထောင်နိုင်ရေးအတွက် လုပ်ကြံလှုံ့ဆော်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့်ဆီလျော်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရန် ကိုယ်ပိုင်မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို အတိအလင်းချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ထူထောင်ရေး၊ ထူထောင် ပြီးသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရေရှည် တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးအခြေခံများ ခိုင်မာအောင် အခြေချထူထောင်လျက်ရှိသည်။

ထို့ကြောင့် တိုင်းရင်းသား ပြည်သူများက တလုံးတစည်းတည်းသော ညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အမြဲနှလုံးသွင်းပြီး ပြည်ထောင်စုကြီးအေးချမ်းသာယာရေးနှင့် တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား

၂၈-၇-၂၀၀၆ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ မင်းလှရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၄၅ ၈။ **"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၁၇:၅၀ ၉။ နှောင်းခေတ်တေးပဒေသာ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၁၀)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၆)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန**
(က) ဦးဝင်းထိန်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆားနှင့်အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန
(ခ) ဦးတင်မောင်ထွန်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန
(ဂ) ဦးထွန်းလှိုင်	ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန
(ဃ) ဦးတင်ထွေး	ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန
(င) ဒေါက်တာဒေါ်ခင်မေအုန်း	ပါမောက္ခချုပ် သူနာပြုတက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(စ) ဒေါက်တာသိန်းထွန်း	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန
(ဆ) ဒေါက်တာတင်ဝင်းမောင်	ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ လှိုင်ပိတ်ဆည်၌ ငါးသားပေါက်စိုက်ထည့် ဆည်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်ပိတ်ဆည် အမှတ်(၄၄)တွင် ငါးသားပေါက်များ မျိုးစိုက်ပြုစုခြင်း အခမ်းအနားကို ဇူလိုင်၂၅ ရက် နံနက်ပိုင်းကကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက ငါးမျိုးများ ဆက်လက် စိုက်ထည့်ပေးသည်။ **(ဝဲပုံ)**

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ငါးခုံးမ၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ ငါးသိုင်းခေါင်းပွ၊ မြက်စားငါးကြင်းစသည့်ငါးသားပေါက် ကောင်ရေ ၈၀၀၀၀ကို စိုက်ထည့်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆည်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း၊ စိုက်ပျိုးထားပြီးသော မဟော်ဂနီ၊မန်ကျည်း၊ တမာ၊ ကျွန်းနှင့် အခြားအရိပ်ရပင် သစ်ပင်များအား မြေဩဇာကြွေးခြင်း၊ ပေါင်းမြက် ရှင်းလင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ် ဗဟိုလမ်း အမှတ် ၃၆(ခ)နေ နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးနေဝင်း-ဒေါ်ခင်လှလှ မိသားစုနှင့် မောင်နှမများက ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

✡ *ကျောဖုံးမှ*

ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က စက်မှုဇုန်များတည်ထောင်မှု၊ စက်မှုဇုန်များရှိ လုပ်ငန်းအမျိုးအစား၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်လျက်ရှိသောလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ထမ်းအင်အားနှင့်ထုတ်လုပ်မှုတန်ဖိုး၊ မော်တော်ယာဉ် ထုတ်လုပ်မှုအခြေအနေ၊ စက်မှုဇုန်များ၏ စီမံကိန်းရည်မှန်းချက်နှင့် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်မှုအခြေအနေ၊ စက်မှုဇုန်များအလိုက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဦးအေးလွင်က စက်မှုဇုန်များနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်ထွန်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ပဲခူးမြစ်ကမ်း တာပတ်လမ်း တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးက လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှု၊ဖြန့်ဖြူးပေးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အချိန်ပြည့်ပေးနိုင်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ယခင်က လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များအနေဖြင့် လာရောက် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်ပေးနိုင်ပြီဖြစ်သဖြင့် စက်မှုဇုန်လုပ်ငန်းများ ပိုမိုလုပ်ဆောင်နေပြီဖြစ်ကြောင်း။

အကောင်အထည်ဖော်

စက်မှုဇုန်များ၏ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုမှာ အားရကျေနပ်ဖွယ်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်းရှိ ဆူညံမှုရှိသော၊ အနံ့အသက်မကောင်းသော စက်မှုလက်မှုလုပ်ငန်းများကို စက်မှုဇုန်သို့ ဆက်လက်ပြောင်းရွှေ့ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များကလည်း ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာအလုပ်ရုံ ဆွေးနွေးပွဲကိုလည်း မကြာမီက ကျင်းပခဲ့ပြီးဖြစ်ရာ ဆွေးနွေးပွဲမှရရှိသော ရလဒ်များကို အကောင်အထည်ဖော်ရန် ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်ရေးအတွက် လိုအပ်သော စက်ကိရိယာများ ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုဇုန်များမှထွက်ရှိသော မော်တော်ယာဉ်များကိုလည်း အမှီအခိုကင်းကင်းဖြင့် ကိုယ့်အားကိုယ်ကိုး ထုတ်လုပ်သွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းသည် စီးပွားရေးကဏ္ဍအနေဖြင့် အဆင့်(၁)၌ရှိနေကြောင်း၊ နောင်နှစ်များတွင်လည်း အဆင့်(၁)နေရာတွင်ရှိနေရန် ဆက်လက်ကြိုးပမ်းအားထုတ်သွားရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် စီးပွားရေးကဏ္ဍတွင် ထိပ်ဆုံး၌ရှိအောင် စက်မှုဇုန်များက ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယခုအခါ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများမှသည် ဘက်စုံစက်မှုဖွံ့ဖြိုးရေးသို့ စတင်ကူးပြောင်းစပြုနေပြီဖြစ်ကြောင်း။

စတုတ္ထကာလတိုငါးနှစ်စီမံကိန်းတွင် GDP အပေါ် စက်မှုကဏ္ဍ၏ ပါဝင်မှုအကျိုးကို ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၁၈ ဒသမ ၉ ရာခိုင်နှုန်း၊ဒုတိယနှစ်မှစ၍ ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၅ ဒသမ၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၉ ရာခိုင်နှုန်း အထိအသီးသီး နှစ်စဉ်တိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တိုးတက်ထုတ်လုပ်

တတိယကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း တည်ဆောက်ခဲ့သည့် လျှပ်စစ်ဓာတ်အားစီမံကိန်းများမှာလည်း ယခုနှစ်မှ စတင်၍ အသီးသီးထွက်ရှိလာပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ် ပေးနိုင်တော့မည် ဖြစ်ရာ စက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သွားရန်လိုကြောင်း။

ဖွံ့ဖြိုးတိုးတက်လာမည်

ယခုအခါ အမှတ်(၂) သန်လျင်တံတားပြီးစီးပြီး သီလဝါအထူး စီးပွားရေးဇုန်တည်ဆောက်ပြီးလျှင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်မှာ ယခုထက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သံချက်ဝန်ဦးပြုလမ်းရှိ Advance Seafood Industries Co., Ltd.သို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိငါးအသားလွှာအကြမ်း၊ ငါးအသားလွှာအချော၊ ထုပ်ပိုးမှုလုပ်ငန်း၊ အအေးခန်းတွင် ပစ္စည်းများသိုလှောင်မှုနှင့် စက်ရုံမှ ထွက်ရှိသည့် ကုန်ချောပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဒေါ်အေးအေးသက်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မင်းကြီးမဟာမင်းခေါင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာ့ကျွန်းသစ် စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (MTW) သို့ရောက်ရှိကြပြီးခေတ်မီ စက်ကိရိယာများဖြင့် သစ်ထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးကြရာ မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဦးဖိုးလှိုင်လမ်းရှိ မြန်မာ မာကျူရီအထည်ချုပ်စက်ရုံသို့ရောက်ရှိကြပြီး အထည်ချုပ်လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ မန်နေဂျာ ဦးနေလင်းထွန်းက လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းပြသသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးဆောင်ရွက်ကြရန်၊ ရောင်းတန်းဝင်ရုံမဟုတ်ဘဲ ဈေးကွက်ဝင်အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်ရောင်းချနိုင်ရေး ထုတ်လုပ်ကြရန်နှင့် စက်မှုဇုန်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ မပျောက်ပျက်ရအောင် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေး စေတနာရှင်များက အလှူငွေများလှူဒါန်း

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသဖွံ့ဖြိုးရေး အလှူရှင်များအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသဖွံ့ဖြိုးရေးအလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းအသီးသီးအတွက် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများနှင့်စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၀၆ ခုနှစ် မတိုင်မီဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသော စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒေသဖွံ့ဖြိုးရေးအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး(လူမှုထူးချွန်ပထမဆင့်)မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းနှင့် ဒေါ်အေးအေးမြင့်မိသားစုက ငွေကျပ် ၇၂သိန်း၊ ဧဒင်အုပ်စုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်က ငွေကျပ် သိန်း ၅၀၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးထွန်းမြင့်နိုင်က ငွေကျပ်သိန်း ၃၀၊ TKW Co.,Ltdမှ ဦးထွန်းထွန်းစိန်၊ ရပ်စောက်မြို့မှ သစ်လုပ်ငန်းရှင် ဦးစိန်သန်းဦး၊ Century Dragon Co., Ltd. မှ ဦးစိုင်းထွန်းမြတ်နှင့် Ten Ways International Co., Ltd. မှ ဦးအောင်ကျော်ဝင်းတို့က ငွေကျပ် သိန်း ၂၀ စီ၊ ရှမ်းအာကာမင်း ကုမ္ပဏီလီမိတက်မှ ဦးခင်မောင်မြင့်က ငွေကျပ်၁၅သိန်း၊ ငွေဆင်ကုမ္ပဏီမှ ဦးစိုးမြင့်၊ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီ၊ မိုင်းတုံဦးစောနိုင်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ရှမ်းပြည်နယ်ကုန်တင်၊ ခရီးသည်တင်ယာဉ်လိုင်းများ၊ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာဝင်းစတားကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီ၊ အားကစားကွင်းပတ်လည်ဆိုင်ခန်း၊ တိုက်ခန်းများက ငွေကျပ် ၇သိန်း ၉သောင်း၊ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းရှင်များက ငွေကျပ် ၇ သိန်း ၅သောင်း၊ ဦးစိုင်းစံဖေ၊ ကလောမြို့နယ်စည်ပင်သာယာရေးလုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ် ဆန်ကုန်သည်ကြီးများအသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုင်းထွန်းရင်၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ချိုချိုခိုင်နှင့် ဦးအေးကျော်(အေကေ) ရောင်းဝယ်ရေးတို့က ငွေကျပ် ငါးသိန်းစီ၊ မြန်မာအာကာကုမ္ပဏီမှ ဒေါ်ဇင်သက်သက်ကျော်၊ ရွှေသံလွင်ကုမ္ပဏီ၊ တောင်ကြီးမြို့ပေါ်ရှိ ဆေးဆိုင် များနှင့် ဦးကောင်းမြတ်ကြွယ်တို့က ငွေကျပ် သုံးသိန်းစီ၊ အောင်ဖြိုးမိုင်းရှူးကုမ္ပဏီကငွေကျပ် ၅သိန်း၊ ညောင်ရွှေ မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းရှင်များက ငွေကျပ် ၂သိန်း ၇ သောင်း၊ ဇာဇာမိုးကုမ္ပဏီမှ ဦးမိုးဝေ၊ လွိုင်ခုံးကုမ္ပဏီ၊ တောင်ကြီးမြို့ပေါ်ရှိ စက်သုံးဆီဆိုင်များ၊ စိန်အထူးကုဆေးခန်း၊ ဆရာရိုင်း(နမ့်စန်)နှင့် ထွန်းအထူးကုဆေးခန်းတို့က ငွေကျပ် နှစ်သိန်းစီ၊ ပတ္တမြားအထူးကုဆေးခန်း၊ မန္တလာအထူးကုဆေးခန်း၊ ကမ္ဘောဇအထူးကုဆေးခန်း၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့နှင့် ဦးစံလင်း (သစ်စက်)တို့က ငွေကျပ် တစ်သိန်းစီ၊ သူရစောသိန်းကုမ္ပဏီမှဦးသူရစောသိန်း၊ ဦးရှိန်နှင့် ဦးလှ၊ ဒေါ်တဲတို့က ငွေကျပ် ငါးသောင်းစီတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုပွဲကို ရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ဒေသဖွံ့ဖြိုးရေးအလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

လှူဒါန်း

အဆိုပါ ဂုဏ်ပြုပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသဖွံ့ဖြိုးရေးအတွက် စေတနာရှင်၊အလှူရှင်များက စုစုပေါင်း ငွေကျပ် ၅၀၂ ဒသမ ၆ သိန်းကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးထံ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်ညွှန်ကြားရေးမှူး တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကင်ဟတ်စုသည် ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဗုဒ္ဓသာသနာပြု ပြင်သစ်ဆရာတော်ကြီးအား ဂါရဝပြုတွေ့ဆုံပွဲ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာခင်မျိုးလှ)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	မြန်မာ့ရိုးရာ ပန်းအစည်းအရုံး၏ ရွှေကျင်မြို့ အလှပန်းချီ
၈း၃၅	နိုင်ငံတကာ သတင်းအကျဉ်း
၈း၄၀	စန္ဒရားညတစ်ည (အပိုင်း-၁)
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
၉း၂၅	မိုးလေဝသ ခန့်မှန်းချက်
၉း၃၀	ဆုရအက
၉း၃၅	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မြစိမ်းရောင် ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်း (စပါးစိုက်ပျိုးရေး)
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင် ဒါရိုက်တာများ (စင်ရော်မောင်မောင်)
၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	Myanmar Video Rhythm
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

28-7 (03).p65 1 1/9/32, 11:12 PM

ဆူနာမီ သတိပေးဖော်ယာများ အင်ဒိုနီးရှား၌ ပိုမိုတပ်ဆင်သွားမည်

ဂျကာတာ ဇူလိုင် ၂၇

အင်ဒိုနီးရှားနိုင်ငံသည် ပြည်သူများ သဘာဝဘေးအန္တရာယ်သတိပေးသည့် ရေကြောင်းပြ ဖော်ယာ သို့မဟုတ် ဆူနာမီစောစီးစွာသိရှိရေး သတိပေးစနစ်များ ပိုမိုတပ်ဆင်သွားမည်ဖြစ်ကြောင်း သုတေသနနှင့် နည်းပညာဝန်ကြီး တွတ်ရှိမာရန်တိုကာဒီမန်က ဂျကာတာ၌ ဇူလိုင် ၂၆ ရက်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဘာလီကျွန်း၌ ဖော်ယာနှစ်လုံး မကြာသေးမီကတပ်ဆင်ခဲ့ပြီး ဆူမတြားအနောက်ပိုင်း ကမ်းလွန်၌ တစ်လုံး၊ ဂျာဗားကျွန်းတောင်ပိုင်း၌နှစ်လုံး တပ်ဆင်ခဲ့ကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

ဖော်ယာသုံးလုံးတပ်ဆင်

စောစောပိုင်းက အင်ဒိုနီးရှားနိုင်ငံသည် ဆူမတြားရေပြင်တွင် ဂျာမနီနှင့် မလေးရှားတို့ ပူးပေါင်းလျက် ဖော်ယာသုံးလုံး တပ်ဆင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကီလိုမီတာ ၁၂၀၀ကွာဝေးသော ကမ်းခြေတစ်လျှောက် ဖော်ယာအလုံး ၁၂၀ လိုမည်ဖြစ်ကြောင်းလည်း အဆိုပါဝန်ကြီးက စောစောပိုင်းကပြောခဲ့သည်။

ဖော်ယာများသည် ဈေးကြီးသော်လည်း ၁၀ကီလိုမီတာလျှင် ဖော်ယာတစ်လုံးချသွားပေးမည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရေခဲပန်းပုရုပ်

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် ရေခဲပန်းပုထု ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်နေသူများကို ဇူလိုင် ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ မိုးသည်းထန်ပြီးရေလွှမ်း

အစ္စလမ္မာဘက် ဇူလိုင် ၂၇

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့စဉ် မြေပြိုကျမှုများလည်း ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၄ရက်က ပြောကြားသည်။

သေဆုံး

မြေပြိုကျမှုကြောင့် မူဆာဖာရာဘတ်ဒေသ ရွက်ဖျင်တဲများတွင် နေထိုင်နေရသော ကလေးရှစ်ဦး အပါအဝင် အနည်းဆုံးလူ ၁၂ဦး သေဆုံးခဲ့ရသည်။

ရေလွှမ်းမိုးမှုကြောင့် ဒုက္ခနှင့်ကြုံတွေ့နေရသူများအား ကယ်ဆယ်ရေးအဖွဲ့များက လှေများဖြင့် လိုက်လံရှာဖွေကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်၌ လက်ဖက်ထုတ်လုပ်မှုမြင့်တက်

ဒါကာ ဇူလိုင် ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ယခုဘဏ္ဍာရေးနှစ်(ဇူလိုင် ၂၀၀၅မှဇွန် ၂၀၀၆) ကာလအတွင်း လက်ဖက်ထုတ်လုပ်မှုသည် ကီလိုဂရမ်သန်းပေါင်း ၅၈ ဒသမ ၈၁ သန်းအထိရှိခဲ့ကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်က ထုတ်လုပ်ခဲ့သည့် လက်ဖက်ကီလိုဂရမ်သန်းပေါင်း ၂ ဒသမ ၈၁ သန်းထက်ကျော်လွန် ခဲ့ကြောင်း ဖိုင်နန်ရှယ်အိတ်စ်ပရက်စ် စီးပွားရေးစာဆောင်က ဇူလိုင် ၂၅ရက်၌ ဖော်ပြသည်။

ထိုသို့လက်ဖက်အထွက်နှုန်း တိုးလာခြင်းမှာ ရာသီဥတုမိုးလေဝသ ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် ဧပြီ၊ ဇူလိုင်နှင့် အောက်တိုဘာလတို့တွင် ရာသီဥတုအထူး ကောင်းမွန်ခဲ့ကြောင်း အဆိုပါနေ့စဉ်သတင်းစာက ဖော်ပြသည်။

ဤသို့ လက်ဖက် အထွက်တိုးလာသည်နှင့်အတူ လက်ဖက်ဈေးကောင်းလည်းရခဲ့သည်ဟု ဆိုသည်။ ယမန်နှစ်က လက်ဖက်တစ်ကီလိုဂရမ်လျှင်၆၆ကာတာ(အမေရိကန် ဒေါ်လာ ၉၄ဆင့်)ရှိရာမှ ကာတာ၇၄(အမေရိကန် ဒေါ်လာ ၁ ဒသမ၀၆)အထိ ဈေးတက်လာသည်ဟုဆိုသည်။ ထိုသို့ လက်ဖက်များဈေးကောင်းရလာခြင်းမှာ ပြည်တွင်း ပြည်ပဝယ်လိုအားကောင်းခဲ့ခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။

လက်ဖက်ထုတ်လုပ်မှု မြင့်မားလာသော်လည်းတင်ပို့မှုမှာ ယမန်နှစ်ကထက်လျော့ကျခဲ့သည်ဟု ဆိုသည်။ ယမန်နှစ်က လက်ဖက်ကီလိုဂရမ် သန်းပေါင်း၁၃သန်းတင်ပို့နေရာမှကီလိုဂရမ် သန်းပေါင်း၉သန်းသာတင်ပို့ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နယူးယောက်၌ ကိုးရက်မြောက် မီးမှောင်ကျဆဲ လူတစ်သိန်းခန့် လျှပ်စစ်ဓာတ်အား ပြတ်နေ

နယူးယောက် ဇူလိုင် ၂၆

အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်း ကွင်းနှင့်နယူးယောက်မြို့ အစိတ်အပိုင်းအချို့တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ပြီး အမှောင်ကျနေသည်မှာ ကိုးရက်မြောက်နေ့အထိရောက်ရှိခဲ့သော်လည်း မူလအတိုင်းပင် ရှိနေသေးသဖြင့် လူထောင်ပေါင်း များစွာမှာ ဇူလိုင်၂၅ရက်အထိ လျှပ်စစ်ဓာတ်အားမရရှိဘဲ နေထိုင်နေကြရကြောင်း နယူးယောက်စီးတီးအတွက် ဓာတ်အားပေးသူ ကွန်အဒီဆန်က ပြောကြားသည်။

လျှပ်စစ်ဓာတ်အားမရရှိခဲ့သည်မှာ ဇူလိုင်လ ၁၇ရက်ကဖြစ်ပြီး ပျမ်းမျှလူ ၁၀၀၀၀၀ခန့်မှာ အမှောင်ထဲတွင် နေခဲ့ကြရသည်။

မနေသင့်တော့

နယူးယောက် မြို့တော်ဝန်က လျှပ်စစ်ဓာတ်အား ပြန်ရမည်ကို ခန့်မှန်း ထားကြောင်း၊ လျှပ်စစ်ဆိုင်ရာ အရာရှိများက ၎င်းအား မပံ့ပိုးပါက ၎င်းတို့၏နေရာတွင် မနေသင့်တော့ကြောင်း မြို့တော်ဝန်ရုံးက နှောင်းပိုင်းတွင် ကြေညာသည်။

တောင်းဆို

ကွင်းရှိ နိုင်ငံရေးခေါင်းဆောင်များကလည်း အနောက်မြောက်ပိုင်းရှိ ကွင်းကို ဘေးဒုက္ခကျရောက်ရာ နေရာအဖြစ် သတ်မှတ်ရန်နှင့် နေထိုင်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက်လည်း ရန်ပုံငွေသင့်လျော်သလို ချပေးရန် မြို့တော်ဝန် ဂျော့ပါတာကီကို တောင်းဆိုထားသည်။

အခမဲ့ဖြန့်ဖြူး

ကြက်ခြေနီနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ကဲ့သို့ ကယ်ဆယ်ရေးအေဂျင်စီများကလည်း အစားအစာ၊ ရေနှင့်ရေခဲများကို ဆက်လက်၍ အခမဲ့ဖြန့်ဖြူးပေးလျက် ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

အပူလှိုင်းကြောင့် ပြင်သစ်၌လူ ၄၀ သေဆုံး

ပါရီ ဇူလိုင် ၂၇

ပြင်သစ်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က အပူလှိုင်းကျရောက်ခဲ့ရာ သက်ကြီးရွယ်အို ၄၀သေဆုံးခဲ့သည်ဟု ချက်နိုင်ငံ စွမ်းအင်ကုမ္ပဏီ စီအီးပီအက်စ်က ဇူလိုင် ၂၅ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ရာ လျှပ်စစ်ဆက်သွယ်မှုများလည်း ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

အပူလှိုင်းကြောင့် လျှပ်စစ်စွမ်းအား လိုအပ်မှုကို နှစ်ရက်ခန့် ထောက်ပံ့ဖြည့်ဆီးပေးခဲ့ရသည်ဟု ဥရောပ၏ ဒုတိယအကြီးဆုံး လျှပ်စစ်ကုမ္ပဏီတစ်ခုက ပြောကြားသည်။

ပြင်သစ်မိုးလေဝသ အေဂျင်စီက သတင်းထုတ်ပြန်ရာအပူလှိုင်းကျရောက်မည့် ခရိုင်၉၆နေရာအနက် ဒေသ ၅၃ နေရာတွင်သတိပေးခဲ့ပြီး ဖြစ်ကြောင်းနှင့်ကျန်းမာရေးအကြံပေးအဖွဲ့မှအသေးစိတ်စာရင်းအရ ၂၀၀၃ခုနှစ် အပူလှိုင်းကျရောက်မှု ဒဏ်ကြောင့် လူပေါင်း ၁၅၀၀၀ခန့် သေဆုံးခဲ့ပြီး ဖြစ်ကြောင်း ပြောကြားသည်။**အမ်အင်အေ၊ရိုက်တာ**

လက်ဘနွန်တောင်ပိုင်း ဆင်ခြေဖုံး ရပ်ကွက်တစ်ခု၌ ဗုံးကြဲ တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေး-လက်ဘနွန်ကိစ္စ အဆုံးသတ်ရန် ကုလ၏ကြိုးပမ်းမှုအရေးကြီးကြောင်း ဂျော်ဒန်ဘုရင်ပြောကြား

အမ္မန် ဇူလိုင် ၂၇

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂ သည် ဇူလိုင်၂၅ ရက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံ တယ်လီဖုန်းဆက်၍ လက်ဘနွန်နိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်နေသော အခြေအနေကို ဆွေးနွေးခဲ့ကြကြောင်း ဂျော်ဒန်သတင်းအေဂျင်စီက ဖော်ပြသည်။

အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်ဘနွန်ပြည်သူများ ဒုက္ခခံစားနေရမှု အဆုံးသတ်ရန်အတွက် ကုလသမဂ္ဂက ပိုမိုကြိုးပမ်းသွားရေးသည် အရေးကြီးကြောင်း အဗ္ဗဒူလာက တိုက်တွန်းပြောကြားလိုက်သည်။

မေတ္တာရပ်ခံ

အပြစ်မဲ့ပြည်သူများ သေဆုံးနေခြင်းအဆုံးသတ်ရန် ချက်ချင်း ပြီးပြည့်စုံသော အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန်လိုအပ်ကြောင်း ၎င်းက အခိုင်အမာပြောကြားလိုက်ပြီး လက်ဘနွန်နိုင်ငံအနေဖြင့် ယခု ဖြစ်ပေါ်နေသော ဆိုးရွားသောအခြေအနေမှ ကျော်လွှားနိုင်ရန်အတွက် အထောက်အကူပေးကြရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာလူ့အဖွဲ့အစည်းများကို မေတ္တာရပ်ခံလိုက်သည်။

အရှေ့အလယ်ပိုင်းတွင် ပျက်စီးယိုယွင်းနေသော အခြေအနေမှ လွတ်မြောက်ရန်အတွက် နိုင်ငံတကာမှ ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ကိုဖီအာနန်က အဗ္ဗဒူလာအား ရှင်းပြခဲ့သည်။

သေဆုံးခဲ့

ဇူလိုင် ၂၅ ရက်က ၁၄ ရက်မြောက်နေ့သို့ ဝင်ရောက်ခဲ့ပြီဖြစ်သော ဟစ်ဇ်ဘိုလာ-အစ္စရေး ပဋိပက္ခသည် သံတမန်နည်းလမ်းအရ ရပ်ဆိုင်းရန် လုပ်ဆောင်လျက်ရှိသည်။ လက်ဘနွန် ၄၀၀နီးပါးနှင့် အစ္စရေး၄၀ခန့် တိုက်ခိုက်မှုများအတွင်း၌ သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှား၌ လာမည့်လေးနှစ်အတွင်း ဇီဝလောင်စာဆီများ အစားထိုးသုံးစွဲသွားမည်

ဂျကာတာ ဇူလိုင် ၂၇

အင်ဒိုနီးရှားနိုင်ငံသည် လာမည့်လေးနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့နေရာတွင် ဇီဝလောင်စာဆီ အနည်းဆုံး ၁၀ရာခိုင်နှုန်းပြောင်းလဲ သုံးစွဲရန် စီစဉ်နေကြောင်း စွမ်းအင်နှင့်ဓာတ်သတ္တုအရင်းအမြစ်ဝန်ကြီး ပါနိုမိုယုဂျီယန်တိုရိုက ဂျကာတာ၌ ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

ဇီဝလောင်စာဆီကို ပီလောပီနံ၊ ကြံ၊ ဆီအုန်းနှင့် ကြက်ဆူပင်များမှ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးက ပြောကြားသည်။

ဆောင်ရွက်

အင်ဒိုနီးရှားအစိုးရသည် ၂၀၁၀ ပြည့်နှစ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ သုံးစွဲနေရာတွင် ဇီဝလောင်စာဆီကို အနည်းဆုံး ၁၀ရာခိုင်နှုန်း အစားထိုးသုံးစွဲသွားရန် ရည်မှန်းထား ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် မြေပဟက်တာ ခြောက်သန်းတွင် ဇီဝလောင်စာဆီ ထုတ်နိုင်မည့် အထက်ပါအပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီသီယိုးပီးယားကော်ဖီ ကမ္ဘာတွင် လူကြိုက်များ

အဒစ်အဘာဘာ ဇူလိုင် ၂၇

အီသီယိုးပီးယားကော်ဖီသည် ကမ္ဘာ့နိုင်ငံ ၃၀တွင် အောင်မြင်ကျော်ကြား လူကြိုက်များလာသည်နှင့်အမျှ ကော်ဖီစိုက်ဒေသများ တိုးချဲ့ရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

တိုးချဲ့

အဆိုပါစီမံကိန်းမှာ ကက်ဖာဟာရာ၊ ရာဂါချီဖီနှင့် ဆီဒါးမားကော်ဖီ ထုတ်လုပ်သူများကို အခြေခံပြီး စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့သွားမည် ဖြစ်ကြောင်း အီသီယိုးပီးယား ကော်ဖီထုတ်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် ဂျီတာချောမန်ဂျစ်စတီက ပြောကြားသည်။

အထက်ပါ ဒေသများသည် ကော်ဖီထုတ်လုပ်မှုနှင့် တင်ပို့မှုအများဆုံး ဒေသများဖြစ်လာမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။

အဆိုပါဒေသများမှ ကော်ဖီထုတ်လုပ်သည့် ကုမ္ပဏီများသည် ကမ္ဘာ့နိုင်ငံ အချို့မှ အရည်အသွေးကောင်းမွန်မှု ဆုလက်မှတ်များ၊ အသိအမှတ်ပြု လက်မှတ်များ ရရှိထားပြီးဖြစ်သည်။

အီသီယိုးပီးယားကော်ဖီများကို အမေရိကန်၊ ကနေဒါ၊ ဆော်ဒီအာရေဗျ၊ ဂျပန်နှင့်ဩစတြေးလျနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံတွင် ခွာနာလျှာနာဖြစ်ပွားမှုလျော့ကျ

ဟန်နွိုင်း ဇူလိုင် ၂၇

ဗီယက်နမ်နိုင်ငံတွင် ဇူလိုင် ၁ ရက်က ခွာနာလျှာနာရောဂါ ဖြစ်ပွားသည့် ပြည်နယ်နှင့်မြို့ ၂၅ခု ရှိခဲ့ရာမှ ယခုအခါ ပြည်နယ်နှင့်မြို့ ၁၃ခုအထိ လျော့ကျသွားခဲ့သည်ဟု ဒေသဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေးအေဂျင်စီက ဇူလိုင် ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

ကြေညာ

ရောဂါဖြစ်ပွားခဲ့သည့် ဒေသ ၁၂ ခုတွင် အနည်းဆုံး သုံးပတ်အတွင်း ရောဂါ ထပ်မံဖြစ်ပွားမှုမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ မိမိတို့ပိုင်နက်အတွင်း ခွာနာလျှာနာရောဂါ ဖြစ်ပွားမှု အဆုံးသတ်သွားစေရမည်ဟူသော ကြေညာချက်နှင့်ကိုက်ညီကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊တိရစ္ဆာန် ကျန်းမာရေးဌာနက ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းပြခန်းတစ်ခုတွင် ပြသထားသော မစ်ဆူရှီတာကုမ္ပဏီမှ ထုတ်လုပ်သော ပလက်စ်မားတီဗွီများကို ဇူလိုင် ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်အတွင်း အပစ်အခတ် ချက်ချင်းရပ်ရန် အီဂျစ်သမ္မတ မူဘာရက် ထပ်မံတောင်းဆို

ကိုင်ရို ဇူလိုင် ၂၆

အီဂျစ်သမ္မတ မူဘာရက်က လက်ဘနွန်နိုင်ငံအတွင်း အပစ်အခတ်များ ချက်ချင်းရပ်ရန် ထပ်မံတောင်းဆိုပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံ၌ ပြုလုပ်မည့် ဆွေးနွေးပွဲတက်ရောက်ရန် အင်္ဂါနေ့တွင် ကိုင်ရိုမှ ထွက်ခွာသွားသည်။

ပြောကြား

ဒေသတွင်း ပေါ်ပေါက်နေသည့် ကတော့ ဖန်တီးသည့် ပရမ်းပတာဖြစ်မှုမဟုတ်ဘဲ၊ ဖျက်ဆီးသည့် ပရမ်းပတာဖြစ်ခြင်းသာရှိကြောင်း ဘုရင် အဗ္ဗဒူလာနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် မထွက်ခွာမီ ကိုင်ရိုလေဆိပ်၌ သမ္မတမူဘာရက်က သတင်းထောက်များအား ပြောကြားလိုက်သည်။

ကြေညာ

လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာပြောက်ကျားများအား အစ္စရေးမြေပြင်တပ်များက တိုက်ခိုက်သည့် လက်ဘနွန်ပိုင်သော နိုင်ငံအတွင်း အပစ်အခတ်များ ချက်ချင်းရပ်ရန် သမ္မတမူဘာရက်က ထပ်မံတောင်းဆိုသည်ဟု မီနာသတင်းဌာနက ကြေညာသည်။

စစ်မီးမွှေး

လက်ဘနွန်နှင့် ပါလက်စတိုင်းတို့အား အစ္စရေးစစ်တပ်က ထိုးစစ်ဆင်တိုက်ခိုက်ခြင်းမှာ ဒေသတွင်း၌ စစ်မီးမွှေးသလိုဖြစ်ကြောင်း ဆော်ဒီဘုရင် အဗ္ဗဒူလာက စောစောပိုင်းက ပြောဆိုသည်။

အမ်အင်အေ၊ ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်၌ဗုံးပေါက်ကွဲ လူ ၅၇ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၇

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် အရှေ့ပိုင်း ဆာဒါစီးတီးရှိ လူစည်ကားရာဈေးအတွင်း ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၃၄ ဦးခန့်သေဆုံးပြီး ၇၀ခန့်ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ဆင်ဟွာက ဖော်ပြသည်။

အခြားဆင်ဟွာ သတင်းတစ်ရပ်တွင်အဆိုပါမြို့၌ပင်ကားဗုံးခွဲတိုက်ခိုက်ပြီးနောက် နာရီအနည်းငယ်အကြာတွင် ဆာဒါစီးတီးကောင်စီအနီးတွင် ပေါက်ကွဲမှု ထပ်မံဖြစ်ပွားသဖြင့် လူရှစ်ဦးသေဆုံးပြီး လူ၂၀ဒဏ်ရာရရှိသွားကြောင်း အီရတ်စစ်ဘက်က ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

အလားတူပင် အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ရှိ တရားရုံးအနီးတွင်လည်း ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၅ ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ အရပ်ဘက်ကားအချို့နှင့် အနီးအနားရှိ အဆောက်အအုံများ ပျက်စီးသွားကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သက်တမ်းအရှည်ဆုံး မော်တော်ကားဒီဇိုင်း

ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ဆုံး မော်တော်ကား ဒီဇိုင်းပုံစံနှင့် ဖီးယက်ကားတစ်စီးကိုတွေ့ရစဉ်။ (ယာပုံ)

အဆိုပါ မော်တော်ကားကို ဂျာမနီနိုင်ငံ ဘင့်ဇ် မော်တော်ကား ကုမ္ပဏီမှ ပထမဆုံးထုတ်လုပ်ခဲ့ခြင်း ဖြစ်ပြီး နှစ်ပေါင်းများစွာတိုင်အောင် အသုံးပြုခဲ့သည့် မော်တော်ကားဖြစ်သည်။ ၎င်းကားသည် ကမ္ဘာပေါ်တွင် အရည်အသွေးအမြင့်ဆုံး၊ သက်တမ်းအရှည်ဆုံး အသုံးပြုခဲ့သည့် ဂျမ်ဒီဇိုင်းပုံ ဖီးယက်မော်တော်ကားတစ်စီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**



ဆိုင်ကယ်ဖြင့် အမြင့်ဆုံးမှခုန်ဆင်းသူ

ဆိုင်ကယ်စီးပြီး အမြင့်ဆုံး ခုန်ဆင်းကာ စံချိန်တင်သူတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

အိုကလာဟိုးမားပြည်နယ် မီရာမီမြို့တွင် တရီဂါဂမ်ဆိုသူ အမျိုးသားတစ်ဦးက တောင်ကုန်းအမြင့် ၃၁၅ပေမှ ဆိုင်ကယ်စီးပြီး ခုန်ဆင်းခဲ့ရာ ၎င်းခုန်ဆင်းခဲ့သော အမြင့်သည် ကမ္ဘာပေါ်တွင် ဆိုင်ကယ်ဖြင့် အမြင့်ဆုံးတောင်ကုန်းမှ ခုန်ဆင်းနိုင်သည့် ဂင်းနက်စ်မှတ်တမ်း တင်နိုင်ခဲ့သည်။ ယခင်ဂင်းနက်စ် မှတ်တမ်းဟောင်းမှာ အမြင့် ၂၇၇ပေနှင့် ခြောက်လက်မဖြစ်သည်။

(အင်တာနက်)

ဇမ်ဘီယာ၌ တရားမဝင် ဝင်ရောက်လာသူ လူ၅၀ကိုဖမ်းဆီး

လူဆာကာ ဇူလိုင် ၂၇

ဇမ်ဘီယာနိုင်ငံတွင် နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူ နိုင်ငံခြားသား ၅၀အား ကော့ပါးဘလတ်ပြည်နယ်၌ ဇမ်ဘီယာလူဝင်မှုကြီးကြပ်ရေးဌာနက ဖမ်းဆီးခဲ့သည်ဟု ဇမ်ဘီယာအမျိုးသားအသံလွှင့်ဌာန (ဇက်အန်ဘီစီ)မှ ဇူလိုင် ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်လာသူ နိုင်ငံခြားသား ၁၀ဦးကို ဇူလိုင် ၂၂ရက်တွင် ပြန်လည်လွှတ်ပေးလိုက်ပြီး ကျန်ရှိသူများအား ဖမ်းဆီးချုပ်နှောင်ထားဆဲဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ မူလာအိုအမ်ဘမ်ဝီတာက ပြောကြားကြောင်း အဆိုပါသတင်း၌ ကိုးကား ဖော်ပြသည်။

ဖမ်းဆီးခံရသူ အများစုမှာ ကွန်ဂိုနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ဆိုမာလီယားနိုင်ငံ၊ မာလီနိုင်ငံနှင့် အခြားအိမ်နီးချင်းနိုင်ငံများမှဖြစ်သည်ဟု အမ်ဘမ်ဝီတာက ဇက်အန်ဘီစီသို့ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

■ ရှေ့ဖုံးမှ

အင်တိုက်အားတိုက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံ တပ်ရင်း စုပေါင်းခန်းမ၌ အရာရှိ စစ်သည်မိသားစုဝင်များအား တွေ့ဆုံကာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နယ်မြေဒေသ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မိသားစုဝင်ငွေတိုးတက်ရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးကိစ္စများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ညောင်လေးပင်မြို့ရှိ သီရိရတနာခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိမ်းဌေးက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တင်ပြချက်များ အပေါ်လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဒေသခံပြည်သူများ အနေဖြင့် မိမိဒေသအေးချမ်းတည်ငြိမ်မှုရရှိရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေးတို့အတွက် အောက်ခြေအထိ ကွင်းဆင်းပြီး ပိုမိုကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း၊ ပဲခူးတိုင်းအတွင်း ယခုနှစ်တွင် မိုးစပါးဧကသိန်း ၃၀ပြည့် မီအောင်စိုက်ပျိုးကြရန် ကြိုးပမ်းလျက်ရှိရာ ညောင်လေးပင်မြို့နယ်အနေဖြင့်လည်း လျာထားချက်ပြည့်မီကျော်လွန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စီးပွားဖြစ်မွေးမြူ

ထို့အတူ အဓိကသီးနှံ ၁၀ မျိုး အနက် ဒေသနှင့် ကိုက်ညီသည့် သီးနှံများ၊ ငရုတ်ကောင်းနှင့် ဇီဝဒီဇယ် လောင်စာဆီ ထုတ်ယူသုံးစွဲနိုင်သည့် ကြက်ဆူပင်များကိုလည်း တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မ အထိစိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ မွေးမြူရေးအနေဖြင့် ဒေသကြက်နှင့် ဘဲကိုအိမ်တိုင်း မွေးမြူ၍၊ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညောင်လေးပင်မြို့နယ်တွင် မိုးစပါး ၁၃၂၂၆၆ဧကေ စိုက်ပျိုးရန် လျာထားရာ ၁၁၂၄၄၄ဧက စိုက်ပျိုးပြီးစီးကြောင်းသိရှိရသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်း ကျေးရွာအနီးရှိ ချဉ်ပေါင်ပျော့ဖတ် စက်ရုံစီမံကိန်းသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်း စီမံကိန်းဒါရိုက်တာ ဦးတင့်ဆွေက စက်ရုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ထုတ်လုပ်မှုနည်းစနစ်များ၊ စက်တပ်ဆင်မှုနှင့် ကုန်ကြမ်း ရယူနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲခေါင်နှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါစက်ရုံကို Sky Moon Singapore Pte.,Ltd.နှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပြီး စက်အားလုံးကို ဩဂုတ်လတွင်အပြီးတပ်ဆင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်တပ်ဆင်ပြီးစီးပြီး စွမ်းအားပြည့် လည်ပတ်နိုင်ပါက တစ်နေ့လျှင် ပျော့ဖတ် မက်ထရစ်တန် ၁၅ တန်၊ တစ်နှစ်လျှင် တန် ၅၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဆေးတက္ကသိုလ်(၁)ရန်ကုန် ဘွဲ့လွန်သင်တန်းသူများလေ့လာ

ရန်ကုန် ဇူလိုင် ၂၇

ဆေးတက္ကသိုလ်(၁)ရန်ကုန် ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှ တာဝန်ခံဆရာများ ဦးဆောင်သော မဟာသိပ္ပံ(ပြည်သူ့ကျန်းမာရေး) ဘွဲ့လွန်သင်တန်းသူခုနစ်ဦးသည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ လာရောက်လေ့လာသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦးက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

လေ့လာကြည့်ရှု

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များ၏ မေးမြန်းမှုများကို အသင်း တွဲဖက်အတွင်းရေးမှူး(၁)နှင့် ဗဟို အလုပ်အမှုဆောင်တို့က ပြန်လည် ရှင်းလင်း ဖြေကြားကြပြီး ဆရာများနှင့် ဘွဲ့လွန်သင်တန်းသူများသည် ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် ပြည်နယ်နှင့် တိုင်းကြီးကြပ်ရေးအဖွဲ့ အသီးသီးက တင်သွင်းခဲ့သော သုတေသနစာတမ်းများကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံ အဆောက်အအုံအတွင်းရှိ လှုပ်ရှားမှု ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုလေ့လာကြကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ ဆက်လက်လေ့လာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ဦးမြင့်ဝင်း-ဒေါ်ခိုင်ခိုင်လွင် အမှတ် ၉/E အောင်တော်မူလမ်း မြေနီကုန်း စမ်းချောင်း မြောက်ရပ်ကွက် ရန်ကုန် မိသားစုက အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးနန္ဒိယသုခိတာရာမရှေ့မှောက်၌ တာဝန်ခံဦးတင်ထွဋ်နိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နှုတ်ခွန်းဆက်စကားပြောကြား

ဆေးတက္ကသိုလ်(၁)ရန်ကုန် ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန မဟာသိပ္ပံ(ပြည်သူ့ကျန်းမာရေး) ဘွဲ့လွန်သင်တန်းသူခုနစ်ဦးအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တောက်တဲ့မှထွက်သောအစေးတစ်မျိုး သိပ္ပံပညာရှင်များအောင်မြင်စွာထုတ်လုပ်

တောက်တဲ့ ခြေထောက်များမှ ထွက်သော တစ်စတုရန်း မီတာ ကျယ်ဝန်းသည့်အကွက်နေရာသည် သာမန်ကားတစ်စီးကိုပင်ဆွဲကပ်ထားနိုင်ကြောင်း ဇီထွင်ပညာရှင်များက ပြောကြားသည်။

တီထွင်

အဆိုပါ တောက်တဲ့မှ ထွက်သော အစေးတစ်မျိုးကို ဗြိတိန်ရှိ အာကာသသုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်သည်။



ဖုံးအုပ်

ယင်းမှာ တောက်တဲ့၏ ခြေထောက်ကဲ့သို့ စေးကပ်နိုင်သည့် ဂုဏ်သတ္တိရှိသည်ဟု ဆိုသည်။ အဆိုပါ ဒြပ်ပေါင်း ပစ္စည်းတွင် အမွေးအမျှင်ကဲ့သို့ မှိုသန်းပေါင်းများစွာ ဖုံးအုပ်ထားသည်ဟုဆိုသည်။

ယင်းပစ္စည်းကို ကွာဟနေသော လေယာဉ်အစိတ်အပိုင်းများ ယာယီပြုတ်မကျစေရန် လျှပ်တစ်ပြက် ပြုပြင်ရာတွင် အသုံးပြုနိုင်မည်ဟုဆိုသည်။ ယင်းကို နေအိမ်များ၏ ပြတင်းပေါက်များ ပြုပြင်သန့်ရှင်းရာတွင် နေအိမ်ဘေးမှ လှေကားများ ကွာမထွက်သွားစေရန် အတွက်လည်း အသုံးပြုနိုင်ကြောင်း ဘရစ္စတောရှိ နည်းပညာကုမ္ပဏီတစ်ခုမှ သိပ္ပံပညာရှင် ဒေါက်တာ ဆာဂျက်က ပြောကြားသည်။

(ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

အင်အားပြင်း မြေငလျင်လှုပ်

ရန်ကုန် ဇူလိုင် ၂၇

ယနေ့ ညနေ ၅နာရီ၄၉မိနစ် ၂၂ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ တောင်ဘက်မိုင် ၁၀၅၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (နီးရာ့စ်ဒေသ၊ အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ၀အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင် တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၇ရက် မှတ်သားဖွယ်မိုး

အမ်း	၆ဒသမ	၉၃လက်မ
ကျောက်ဖြူ	၆ဒသမ	၃၈လက်မ
မောင်တော	၆ဒသမ	၁၈လက်မ
သံတွဲ	၅ဒသမ	၉၁လက်မ
ရေး	၄ဒသမ	၆၁လက်မ
မိုးကုတ်	၄ဒသမ	၄၅လက်မ
စစ်တွေ	၄ဒသမ	၁၀လက်မ
ထားဝယ်	၃ဒသမ	၂၇လက်မ
ပခုက္ကူ	၃ဒသမ	၁၉လက်မ
ကန့်ဘလူ	၁ဒသမ	၇၄လက်မ

ကော့မှူး မိခင်/ကလေး ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ကကြီးမှူး၍ ကော့မှူးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သော ဆယ်အိမ်စုမှူးဆရာဖြစ် သင်တန်းဖွင့်ပွဲကို ဇူလိုင်၂၆ရက်က ကော့မှူးမြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမူက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရင်သိန်းက ဆယ်အိမ်စုမှူး သင်တန်း၏ ရည်ရွယ်ချက်များကို သင်တန်းသူများအား ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ဆရာဝန် ဒေါက်တာစိန်အေးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်း၍ တာဝန်ရှိသူများက သင်တန်းပို့ချခဲ့ပြီး သင်တန်းသို့ သင်တန်းသူ ၈၂ဦး တက်ရောက်ခဲ့ကြသည်။ **(က-ပ)**

သဘာဝဘေးအန္တရာယ်နှင့် ဆူနာမီစောင့်ကြည့်ကိရိယာတပ်ဆင်ပြီးပါက စက္ကန့်ပိုင်းအတွင်း မိုးလေဝသနှင့်ဇလဗေဒသတင်း ရောက်ရှိလာမည်

■ ကျောဖုံးမှ

ထိုသို့ ဆောင်ရွက်ခဲ့မှုကြောင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော ဒေသအတွင်း ဘက်စုံ သဘာဝဘေး အန္တရာယ် ကြိုတင်သတိပေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးမှ အာရှဒေသတွင်း ဘက်စုံ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သတိပေးချက်ထုတ်ပြန်ရေးနှင့် လျှော့နည်းရေးဆိုင်ရာ အကောင်အထည်ဖော်မှု ဦးဆောင်ကော်မတီ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား ရွေးချယ်တာဝန်ပေးခဲ့သည်။

ထို့ကြောင့် အာရှဒေသအတွင်း ဘက်စုံ သဘာဝဘေးအန္တရာယ် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရေး၊ ညှိနှိုင်းရေး၊ နည်းလမ်းတွေ ဖော်ဆောင်ရေး စတဲ့ ကိစ္စများကို ဒေသခံကိုယ်စားလှယ် ဆွေးနွေးကြတာပါ။ ဒီဆွေးနွေးပွဲမှာ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မော်လဒိုက်နဲ့ သီရိလင်္ကာနိုင်ငံများက ဘက်စုံသဘာဝဘေးအန္တရာယ်ကြိုတင် ကြိုတင်ကာကွယ်ရေး၊ သတိပေးချက် ထုတ်ပြန်ရေးနှင့် လျှော့နည်းရေးဆိုင် ရာ အကောင်အထည်ဖော်မှု ဦးဆောင် ကော်မတီဥက္ကဋ္ဌဖြစ်သည့် ဦးထွန်းလွင် အား မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

အာရှဒေသတွင်း ဘက်စုံ သဘာဝ ဘေး အန္တရာယ် ကြိုတင် ကာကွယ်ရေး သတိပေးချက် ထုတ်ပြန်ရေးနှင့် လျှော့နည်းရေး ဆိုင်ရာ အကောင်အထည်ဖော်မှု ဦးဆောင် ကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပထမဦးစွာ ဦးထွန်းလွင်က "ဒီ အစည်းအဝေးက သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးစနစ်ကို အာရှ သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟိုဌာန(အေဒီပီစီ)နဲ့အတူ လက်တွဲ ဆောင်ရွက်ကြဖို့ အပြန်အလှန် သဘောတူ စာချွန်လွှာလက်မှတ် ရေးထိုးနိုင်ခဲ့ပြီး အဲဒီ ၁၀ နိုင်ငံကဘဲ ဒီလုပ်ငန်းတွေ အကောင်အထည်ဖို့ မြန်မာနိုင်ငံ ကိုယ်စားလှယ်ဖြစ်တဲ့ မိမိကို ဥက္ကဋ္ဌအဖြစ် တစ်ညီတစ်ညွတ်တည်း ရွေးချယ်ခဲ့တာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြန်မာနိုင်ငံအနေဖြင့် ဒေသအတွင်းဘက်စုံသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် ပတ်သက်ပြီး မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်နှင့် ပတ်သက်၍ မေးမြန်းရာ ဦးထွန်းလွင်က "မြန်မာနိုင်ငံဟာ အခုဆိုရင် ဒေသအတွင်း သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကိစ္စရပ်တွေမှာ ရှေ့တန်းက ပါဝင်ဆောင်ရွက်ခွင့် ရနေပါပြီ၊ နောက်ပြီး ပင်လယ်ရေမျက်နှာပြင်တိုင်းကိရိယာ၊ မြေငလျင်တိုင်းကိရိယာ၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်နဲ့ အထောက်အကူပြုပစ္စည်းတွေ၊ စီမံဆောင်ရွက်မှု နည်းပညာတွေကို အခြားနိုင်ငံတွေနည်းတူ ရရှိမှာဖြစ်ပြီး ခေတ်မီတိုးတက်တဲ့ နည်းပညာနဲ့ ကိရိယာတွေနဲ့ လုပ်ဆောင်နိုင်တော့မှာပါ"ဟု ရှင်းပြသည်။

ကမ္ဘာ့မိုးလေဝသ ပညာရှင်များက သုံးသပ်ခဲ့သည့် ဆူနာမီသည် နှစ်တိုင်း မပေါ်နိုင်၊ နှစ်အတန်ကြာမှ ပေါ်နိုင်သည်ဆိုသည်မှာလည်း ယခုအခါ ဆူနာမီများ အချိန်မရွေး ပေါ်ပေါက်နိုင်သည်ဖြစ်ရာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုအတွက် အိန္ဒိယ သမုဒ္ဒရာအနီး နိုင်ငံများတွင် ဆူနာမီ ကြိုတင်သတိပေးကိရိယာ တစ်ခုစီ တပ်ဆင်ထားရမည်ဖြစ်သလို ဆူနာမီ သတင်းရရှိလျှင်လည်း သက်ဆိုင်ရာ နိုင်ငံတွေကို အမြန်ဖြန့်ဝေပေးနိုင်ရမည်ဖြစ်သည်။ ထို့အတူ နိုင်ငံတွေက လည်း လက်ခံနိုင်ရန် နည်းစနစ်များနှင့် သက်ဆိုင်ရာကိရိယာများ ရှိထားရန်လိုအပ်ကြောင်း သိရသည်။

ထို့ကြောင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ နည်းစနစ်နှင့် ကိရိယာများ ငါးနှစ်အတွင်း သက်ဆိုင်ရာ နိုင်ငံများရရှိရန်လည်း မူကြမ်း ရေးဆွဲနိုင်ခဲ့ကြောင်း ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော သဘာဝဘေးအန္တရာယ် ဆိုင်ရာ ဆောင်ရွက်မှုအနေဖြင့် စစ်တွေနှင့် မော်လမြိုင်တို့တွင် ပင်လယ်ရေပြင်တိုင်းကိရိယာနှင့် ဆူနာမီစောင့်ကြည့်ရေးကိရိယာကို တပ်ဆင်ရန် ယူနက်စကိုမှ ပညာရှင်တစ်ဦး ကွင်းဆင်း စစ်ဆေးပြီးဖြစ်သဖြင့် မကြာမီ တပ်ဆင်တော့မည်ဖြစ်သည်။ တပ်ဆင်ဆောင်ရွက်ပြီးပါက ဂြိုဟ်တုဆက်သွယ်ရေးစနစ်မှ စက္ကန့်ပိုင်းအတွင်း မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနသို့ သတင်းရောက်ရှိလာမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အသုံးပြုနေသည့် မြေငလျင်တိုင်း စက်နှစ်လုံးကိုလည်း တရုတ်နိုင်ငံက အဆင့်မြှင့်တင်ပေးရန်လည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ငလျင်စောင့်ကြည့်ရေး ခေတ်မီကိရိယာများကိုလည်း တပ်ဆင်ပေးတော့မည်ဟု သိရသည်။

ထို့အပြင် ကုလသမဂ္ဂကလည်း ဆူနာမီနှင့်ပတ်သက်ပြီး ရန်ပုံငွေ ထူထောင်ထားရာ မြန်မာနိုင်ငံက အချိုးကျရရှိမည်ဖြစ်ရာ မိုးလေဝသ ရေဒါအသစ်တပ်ဆင်ရေး၊ ဆက်သွယ်ရေးကိရိယာများ ရရှိရေးတို့လည်း ရှိနေရာ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် ပတ်သက်ပြီး နောက်ကျ ကျန်ရစ်မှု လုံးဝမရှိဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ဦးဆောင်ဦးရွက်ပြုရသည့် အနေအထားသို့ပင် ရောက်ရှိနေပြီဖြစ်ပါကြောင်း ကွင်းဆင်း မေးမြန်းတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော ငလျင်တိုင်းတာရေး ကိရိယာကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဒေသတွင်း ဘက်စုံသဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို ဇူလိုင် ၁၃ ရက်က ဤသို့ကျင်းပခဲ့သည်။

(ဓာတ်ပုံ-မိုး/ဇလ)

● ကျောဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် စစ်တောင်းတံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျိုက်ထိုမြို့နယ် အမှတ်(၁) စက္ကူစက်ရုံ(စစ်တောင်း)အနီးရှိ တနော့ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိ၍ ရေလှောင်တမံပေါ်ရှိ ရှုရပ်မှ စက်ယန္တရားများဖြင့်လုပ်ငန်းများဆောင်ရွက်နေမှုများ အခြေအနေ၊ ရေဝင်အမှတ်အသားများနှင့် ရေပိုလွှဲများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

သတ်မှတ်ချိန်ပြီးစီးရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တနော့ရေလှောင်တမံ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များအား တနော့ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်က ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်းအခြေအနေ၊ ရေပိုလွှဲများတည်ဆောက်ပြီးစီးမှုနှင့် ရေငြိမ်ကန်နှင့် ရေသွယ်မြောင်းများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ စက်ရုံမှူး ဦးပိုက်ထွေးက အမှတ်(၁) စက္ကူစက်ရုံ(စစ်တောင်း)၏ ရေလိုအပ်ချက်နှင့် စက်ရုံစိုက်ခင်းများအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စနစ်တကျနေရာချထား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရေလှောင်တမံဝန်းကျင် စိုက်ခင်းများကို စနစ်တကျဆောင်ရွက်ရေး၊ စက်ရုံ ရေတင်သည့်အခါ စိုက်ခင်းများသို့ ရေရောက်ရှိနိုင်၍ ဟင်းသီးဟင်းရွက်နှင့် ရာသီ သီးနှံ၊ နွေစပါးတို့ကို သင့်သလိုစိုက်ပျိုးရေးနှင့် တမံဝန်းကျင်၊ စက်ရုံပိုင်မြေနှင့် ကင်းလွတ်မြေဖြစ်သည့် စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ ဒေသခံပြည်သူများ၏စိုက်ခင်းများအဖြစ် စနစ်တကျ နေရာချထားရေးကို ညှိနှိုင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရေသွယ်မြောင်းအစနှင့် ရေငြိမ်ကန်တို့ကို ကြည့်ရှု စစ်ဆေးကြသည်။

တနော့ရေလှောင်တမံ

အဆိုပါ တနော့ရေလှောင်တမံ စီမံကိန်းသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အမှတ်(၁) စက္ကူစက်ရုံ(စစ်တောင်း)အနီး၌တည်ရှိ၍ တမံအလျားပေ ၂၅၈၀၊ အမြင့် ၈၆ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၆၈၀၀ ရှိပြီး ရေလှောင်တမံပြီးစီးပါက နေ့စဉ် သန်း ၈ ဒသမ ၅ ဂါလန် အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် စစ်တောင်းတံတား(မုပ္ပလင်) ဆောက်လုပ်ရေးစီမံကိန်းသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရှုရပ်မှ တံတားတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးကျော်လင်းက ပင်မတံတား သံပေါင် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဝေါမြို့နယ်ဘက်ကမ်းရှိ ချဉ်းကပ်လမ်း မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ မုပ္ပလင်ဘက်ကမ်းရှိ ချဉ်းကပ်လမ်းတွင် ဖြတ်မြေဆောင်ရွက်မှု၊ ချဉ်းကပ်လမ်းအူကြောင်း ရွေးချယ်ထားမှု အခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တံတားကြမ်းခင်းနှင့် ချဉ်းကပ်လမ်းတို့၏ လမ်းမျက်နှာပြင် ပျက်စီးခြင်းမရှိအောင် ဆောင်ရွက်ရေး၊ တံတားဘိုးတိုင်များသို့ ရေစီးရောက်၍ ဘိလပ်မြေများ ရေတိုက်စားမှု မဖြစ်အောင် တည်ဆောက်ကြရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့်လုပ်ငန်းကို ဆောင်ရွက်ရာတွင် ခြိုးခြံချွေတာ၍ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

စစ်တောင်းတံတား(မုပ္ပလင်)

အဆိုပါ စစ်တောင်းတံတား (မုပ္ပလင်)သည် ပဲခူးတိုင်း ဝေါမြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တို့၌ တည်ရှိပြီး ပင်မတံတားအရှည် မှာ ၁၃၆၅ပေ၊ ဝေါမြို့နယ်ဘက်ကမ်းရှိ ချဉ်းကပ်လမ်းမှာ ၇၈၃ ဒသမ ၆ ပေ၊ ကျိုက်ထိုဘက်ကမ်းရှိ ချဉ်းကပ်လမ်းမှာ ၂၄၄ ဒသမ ၁ ပေ၊ ယာဉ်သွားလမ်း အကျယ်မှာ ၂၈ ပေ၊ လူသွားလမ်း အကျယ်မှာ တစ်ဖက်ခြောက်ပေစီ၊ တံတားရေအောက်လမ်း ကင်းလွတ်နယ်မြေမှာ အကျယ် ၂၀၅ ပေ၊ အမြင့်မှာ ပေ ၂၀ရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ပြီးစီးပါက ယခင်လမ်းဟောင်းမှ သွားလာခြင်းထက် လေးမိုင်ခန့် အချိန်ကုန်သက်သာမည်ဖြစ်သည်။

ဝါးပါးရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဝါးပါးရေလှောင်တမံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည်ဝါးပါးတမံ၏ ရေပေးဝေမှုအခြေအနေကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးပြီး ဝါးပါးရေလှောင်တမံမှတစ်ဆင့် ရေပေးမြောင်းများဖြင့် သီးထပ်နွေစပါး စိုက်ပျိုးရေးနှင့် သထုံမြို့နယ်ရှိ ဒေသခံပြည်သူများအား သောက်သုံးရေဖြည့်ဆည်းပေးဝေနိုင်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ တာတမံကြံ့ခိုင်ရေးကိုလည်း မျက်ခြည်မပြတ်ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ဝါးပါးရေလှောင်တမံသည် သထုံ-မြိုင်ကလေး ကားလမ်းပေါ်၌တည်ရှိပြီး အလျား ၂၀၆၄ ပေ၊ အမြင့် ၇၀ ဒသမ ၅ ပေ၊ ရေလှောင်ပမာဏ ဧက၄၁၅၀ရှိပြီး ဆည်ရေသောက်ဧရိယာဧကပေ ၂၄၀၀ ဖြစ်သည်။ မြို့ရေပေးရေးတွင် တစ်ရက်ရေပေးသည့်ပမာဏမှာ ဂါလန်သန်း ၂ ဒသမ ၄ ဖြစ်ပြီး ၁၉၉၆ ခုနှစ် မတ်လမှ စတင်ရေပေးဝေခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော ငလျင်တိုင်းတာရေး ကိရိယာဖြင့် ဝန်ထမ်းတစ်ဦးက တိုင်းတာပြခဲ့စဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

✡ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလောထန်က စိုက်ခင်း၏ တည်နေရာနှင့် လက်ဖက်ဧက ၂၀၀ ကို တိုက်ရိုက် အစေ့ချစနစ်ဖြင့် တောင်သူများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းက ပြည်နယ်အသင်းအနေဖြင့် လက်ဖက်စိုက်ဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားချက်အပေါ် ၇၁၆ ဧက စိုက်ပျိုးပြီးစီးနေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဖက်စိုက်ပျိုးရန် နေရာကို သစ်ပင်ကြီးများ၊ သစ်တောများ ကင်းလွတ်မြေကို ရွေးချယ်ရန်နှင့် သတ်မှတ်ပေးထားသော လက်ဖက်စိုက်ဧကပြည့်မီအောင် ဆက်လက်စိုက်ပျိုးကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ လက်ဖက်ပင်များအား ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မင်းတပ်-ပခုက္ကူ လမ်း မိုင်တိုင်အမှတ် ၉၆ မင်းတပ် အရှေ့ပြင်ရပ်ရှိ မင်းတပ်မြို့နယ် နွားနောက်မွေးမြူရေးစခန်း အမှတ်(၁)သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် ကျေးရွာတောင်သူတို့၏ နွားနောက် မွေးမြူထားရှိမှုနှင့် မိုင်တိုင်အမှတ် ၉၅ အနီး၌ မင်းတပ်မြို့နယ်မှ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်-ပခုက္ကူ ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲ/ယာရှိ သစ်တောများ စိမ်းလန်းစိုပြည်မှုအခြေအနေများနှင့်မိုင်တိုင် အမှတ် ၉၀/၃ အနီး၌ မိုးစပါးစိုက်ခင်းများနှင့် ရေလွှဲဆည်တည်ဆောက်နိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ချင်းပြည်နယ်နှင့် မကွေးတိုင်းနယ်နိမိတ်၏ ချင်းပြည်နယ်ဘက်ခြမ်း ဝဲဘက်တောင်ကုန်းများပေါ်၌မင်းတပ်မြို့နယ်၏ ရော်ဘာ ၁၅ ဧက စိုက်ခင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးတို့သည် ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းအတိုင်း ဆက်လက်ထွက်ခွာကြ၍ ကန်ပက်လက်မြို့အဝင်ရှိ ရွှေတောင်တန်းစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်ဖက်စိုက်ခင်းနှင့် နှစ်ရှည်သီးနှံပင်များ ဖြစ်ထွန်း အောင်မြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးပြီး လက်ဖက်စိုက်ပျိုးခြင်းကို ယခုထက် ပိုမို တိုးချဲ့ဆောင်ရွက်သွားရန်တိုက်တွန်းမှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့သို့ရောက်ရှိကြပြီး ကန်ပက်လက်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ သင်တန်းကျောင်း ကျောင်းအုပ် ဦးအောင်မြက သင်တန်းသား အိပ်ဆောင်၊ ဘုရားခန်းနှင့် စာကြည့်ခန်းတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသားများအတွက် အဝတ်အထည်များနှင့် စားစရိတ်ထောက်ပံ့ငွေများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကိုလည်းကောင်း ကျောင်းအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်- မင်းတပ်လမ်း မိုင်တိုင်အမှတ် ၈၅ အနီးရှိ နွားနောက်မွေးမြူရေးစခန်းသို့လည်းကောင်း၊ မိုင်တိုင်အမှတ် ၈၃/၇ ရှိ ကန်ပက်လက်မြို့နယ် သစ်တောဦးစီးဌာန၏ ငါးဧကရှိ လက်ဖက်စိုက်ခင်းကိုလည်းကောင်း၊ အုတ်ဖိုစံပြကျေးရွာအနီးမှ ကျင်ဒွေးသို့ ဖောက်လုပ်ထားသည့် အရှည်မိုင် ၅၀ ရှိ ကျေးရွာချင်းဆက်လမ်း အခြေအနေကိုလည်းကောင်း၊ နတ်မတောင် အမျိုးသားဥယျာဉ်သို့လည်းကောင်း၊ ကန်ပက်လက်မြို့အခြေခံပညာအထက်တန်းကျောင်း၏ ၅ ဒသမ ၈၂ ဧကရှိ လက်ဖက်စိုက်ခင်းနှင့် အသစ်ဆောက်လုပ်ဆဲ လေးခန်းနှစ်ထပ်ရှိ ကျောင်းဆောင်သစ်တို့ကိုလည်းကောင်း၊ ကန်ပက်လက်မြို့ရှိ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လက်ဖက်စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ကန်ပက်လက်မြို့ရှိ ဌာနဆိုင်ရာ ၁၄ ခုနှင့် ပုဂ္ဂလိက လက်ဖက်စိုက်ခင်း ခြောက်ခုတို့မှ စုစုပေါင်း လက်ဖက်စိုက်ခင်း ၄၉ ဒသမ ၃၆ ဧကရှိပြီး မြို့ပတ်ဝန်းကျင်၌ စုစုပေါင်း လက်ဖက်စိုက်ခင်း ၁၇၆ ဧကရှိကြောင်း သိရှိရသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံ၏တိုးချဲ့ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစောလွင်တို့က တိုးချဲ့ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဆေးရုံအဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထောက်ပံ့ငွေများပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အလျား ပေ ၅၀၊ အနံ ပေ ၂၀၊ အမြင့် ၁၁ ပေနှင့် ဝရန်တာရစ်ပေရှိ အဆောက်အအုံသစ်ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးနောက် ဆေးရုံအတွင်းရှိ အမျိုးသမီးလူနာဆောင်နှင့် မွေးဖွားပြီးလူနာခန်းအတွင်း ကြည့်ရှုစစ်ဆေး၍ လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ စိုက်ပျိုးထားသော လက်ဖက် ၂ ဒသမ ၅ ဧကနှင့် နှစ်ရှည်သီးနှံပင်များဖြစ်သော သရက်၊ ပိန္နဲ၊ လိမ္မော်၊ သံပရာပင်များကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံတိုးချဲ့စိုက်ပျိုးရန် မှာကြားကာ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းမနှင့် အမျိုးသားလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသူများအား အိမ်တွင်းသက်မွေးမှုပညာများကို စနစ်တကျ တတ်မြောက်အောင် သင်ယူဆည်းပူးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းမှာကြားသည်။

စိုက်ပျိုးသွားရန်မှာကြား

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်သည် ယခုအခါ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှု မှန်ကန်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ထို့အတူ ကန်ပက်လက်မြို့သည်လည်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်ကောင်းမွန်နေပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ဦးတည်ဆောင်ရွက်လျက်ရှိရာ ကန်ပက်လက်မြို့သည်လည်း လက်ဖက်စိုက်ပျိုးမှု စံပြမြို့ဖြစ်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ထို့ကြောင့် ကန်ပက်လက်မြို့ရှိ ဌာနဆိုင်ရာရုံးများ၏ ရုံးခြံဝင်းများ၊ မြေလွတ်များတွင် လက်ဖက်ပင်များကို စနစ်တကျစိုက်ပျိုးသွားကြရန် နှစ်ရှည်သီးနှံဖြစ်သော ထောပတ်၊ တည်း၊ ပိန္နဲပင်များကိုပါ စိုက်ပျိုးသွားရန် မှာကြားသည်။

အလေးထားကြိုးပမ်း

ထို့အတူ ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်၊ စပါးစိုက်ပျိုးမှုကိုလည်း အလေးထား၍ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်ရေး၊ စပါးစိုက်ပျိုးမှုတွင် လှေကားထစ်လယ်ယာမြေတိုးချဲ့ဖော်ထုတ် လုပ်ကိုင်ဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကန်ပက်လက်ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ် ဒေါက်တာမျိုးကျော်အောင်သို့လည်းကောင်း၊ အဝတ်အထည်များကို ကန်ပက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်လင်းသို့လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပညာရေးဝတ်စုံများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝတ်စုံများကို တာဝန်ရှိသူများအား အသီးသီး ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

သုံးသပ်ညှိနှိုင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကန်ပက်လက်-မင်းတပ်လမ်းရှိ(Mountain Oasis Resort) ဧည့်ခန်းမ၌ ချင်းပြည်နယ် ခရီးစဉ်အတွင်း ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု အသီးသီး၌ ဌာနဆိုင်ရာများ၏ လိုအပ်ချက်များအပေါ် ပြန်လည်သုံးသပ် ညှိနှိုင်းဆွေးနွေးကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

အကြမ်းဖက်သောင်းကျန်းသူများ ဆွဲမိုင်းဆွဲတိုက်ခိုက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့် ထန်းတပင်မြို့နယ် ဌာနဝန်ထမ်းနှစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၂၇

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ ဖျက်ဆီးမှုများကြောင့် အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ ဖြစ်ပွားခဲ့ရသည်။

ဖြစ်ပွား

ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းကလည်း အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် ပဲခူးတိုင်း ထန်းတပင်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ သေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့သည်။

ပဲခူးတိုင်း ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝေမောင် ဦးဆောင်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ထန်းတပင်မြို့နယ် ရှားစေးဘိုကျေးရွာ၌ ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး စသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်မြေခံတပ်မှ စစ်ကြောင်းမှူး ဦးစီးသည့် တပ်မတော်သားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ရှားစေးဘိုကျေးရွာမှ ထန်းတပင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီခန့် တောတွင်းတစ်နေရာ၌ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများက ဆွဲမိုင်းတစ်လုံးဆွဲ၍ တိုက်ခိုက်ခဲ့သည်။

ဆွဲမိုင်းဆွဲတိုက်ခိုက်

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ၏ ဆွဲမိုင်းဆွဲတိုက်ခိုက်မှုကြောင့် ထန်းတပင်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးအောင်သိန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စာရေး ဦးနိုင်ထွန်းတို့ မိုင်းစနှင့် လက်နက်ငယ်ကျည်ထိမှန်သေဆုံးခဲ့ရပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝေမောင်၊ ကျေးလက်ကျန်းမာရေးမှူး ဦးမင်းသိန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးမိုးဇော်ဦး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေတိုင်းစာရေး ဦးမျိုးမင်းဇော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ရုံးအကူ ဦးသူလှိုင်စိုးတို့ငါးဦး မိုင်းစနှင့် လက်နက်ငယ်ကျည်များ ထိမှန်ဒဏ်ရာရခဲ့ကြသည်။

ယင်းဒဏ်ရာရရှိသူများအား ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံမှတစ်ဆင့် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိသည်။

ဆွဲမိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများနောက်သို့ မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်လျက်ရှိ ပြည်သူများ ပူးပေါင်းပါဝင်မှု မြင့်မားသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဒေသခံများ အသိပညာတိုးပွားရေး ဌာနဆိုင်ရာများ အားထုတ်ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၁ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ ခေါဇမြို့သို့ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ ဆင်ကူး၊ တိုးတက်၊ ရင်းရဲ၊ ရင်းတိန်၊ ကဗျာကြီးနှင့် ရွှေဟသာ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်နေမှုနှင့် လမ်းဘေးဝဲယာ ဖြစ်ထွန်းလျက်ရှိသော စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခေါဇမြို့သို့ ရောက်ရှိကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံဝင်းအတွင်းရှိ စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ငရုတ်ကောင်းပြည်နယ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခေါဇမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရာဇာဓိရာဇ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ကြရာတွင် အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝင်ငွေတိုး သီးနှံများကိုလည်း ပိုမိုစိုက်ပျိုးကြရမည်ဖြစ်ပြီး မွန်ပြည်နယ်ကို ငရုတ်ကောင်းပြည်နယ် ဖြစ်ရေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ခေါဇမြို့ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် လမ်းပန်းဆက်သွယ်ရေး ယခုထက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေး

ယနေ့ နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးဒေသကြီးများသတ်မှတ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသကဲ့သို့ ကျေးရွာများအတွက်လည်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများ ပူးပေါင်းပါဝင်မှုမြင့်မားလာသည်နှင့်အမျှ နယ်မြေဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သည့် အသိပညာဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများအနေဖြင့် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ခေါဇမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြင်ပလူနာခန်း၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ခေါဇမြို့ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး သက်တော်(၈၂)နှစ်ရှိ ဆရာတော် ဘဒ္ဒန္တဝံသဒီပ၏ ကျန်းမာရေးအခြေအနေနှင့် သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပစ္စည်းများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ခေါဇမြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ အရာရှိစစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး စစ်သည်မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

နှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ အရာရှိ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရေးမြို့ညဉ့်ရိပ်သာသို့ ရောက်ရှိကြသည်။(**သတင်းစဉ်**)

လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ခေါဇမြို့ နယ်မြေခံတပ်ရင်းရှိ စစ်သည်မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ရှာရန် ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

စပါးများခြွေလှေ့ရာ၌ အလေအလွင့်နည်းပါးရေး စီမံဆောင်ရွက် ဌာနဆိုင်ရာ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းအတွင်း ဝန်ထမ်းများပေါင်းမြက်ရှင်းလင်း

နေပြည်တော် ဇူလိုင် ၂၇

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၅ရက် နံနက် ၈ နာရီခွဲက ပုသိမ်ကြီးမြို့နယ် သမ္မတာကျေးရွာအုပ်စု ဝွေ့ကြီးကုန်းကျေးရွာအနီး ကွင်းအမှတ် ၅၄၃ ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ နွေစပါးစိုက်ခင်းသို့ ရောက်ရှိကြသည်။

စီမံဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူးသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ မနောသုခနွေစပါး ၃၇ ဒသမ ၅၄ ဧကတွင် စပါးရိတ်သိမ်းစက်ဖြင့် စပါးရိတ်သိမ်းနေမှု၊ စပါးခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှု၊ စပါးထွက်ရှိမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လိုက်ပါ ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးက စပါးများရိတ်သိမ်းခြွေလှေ့ရာတွင် အလေအလွင့်နည်းပါးစေရေး၊ နွေစပါး ရိတ်သိမ်းပြီးပါက မိုးစပါးကို ဆောလျင်စွာစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးခြံအမှတ်(၁)သို့ ရောက်ရှိပြီး ခြံအတွင်းရှိ ပျိုးခြံအမှတ်(၁)တွင် ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၅၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့်မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ ဌာနအလိုက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ဌာနအသီးသီး၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်း ဧက ၁၀၀ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လိုက်ပါရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများအတွင်း ဝန်ထမ်း မိသားစုများမှ ပေါင်းမြက်ပင်များ ရှင်းလင်းဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ ပျက်စီးသွားသည့် ခြံစည်းရိုးကြက်ဆူပင်များနေရာများတွင် အစားထိုးပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၇

၁၃၇၁ ခုနှစ် ဝါခေါင်လဆန်း ၈ရက်(၂၀၀၉ခုနှစ် ဩဂုတ် ၁ ရက်) အင်္ဂါနေ့ မွန်းလွဲ ၁၂နာရီ၁၅ မိနစ်တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အဖွဲ့ဝင် ရောဝတီတိုင်း ဖျာပုံမြို့ ထန်းတပင်ကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက အနှစ်လေးပါးသာရ တရားတော်ကို မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ အသံလွှင့်ဟောကြားတော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး အမျိုးသားအဆင့် အစီရင်ခံစာအတည်ပြုရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးတတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ ရေးဆွဲအတည်ပြုရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၂၅ရက် နံနက် ၈နာရီခွဲက နေပြည်တော်ရှိ သစ်တောသုတေသနခန်းမတွင် ကျင်းပရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အခြားဆက်နွှယ်သော ဝန်ကြီးဌာန ၁၀ခုမှ ကိုယ်စားလှယ်များ၊ အပူပိုင်းဒေသ တိုင်းသုံးတိုင်းအတွင်းရှိ ခရိုင် ၁၂ခုမှ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ဒေသခံ ပြည်သူလူထုကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘာ့ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက် နှစ်ရက်ကြာ ကျင်းပခဲ့ပြီး စာတမ်းရှစ်စောင် ဖတ်ကြား ဆွေးနွေးကြသည်။ မြန်မာနိုင်ငံသည် UNCCD၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အဆိုပါ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး အမျိုးသားအဆင့် အစီရင်ခံစာကို ဩဂုတ်လမတိုင်မီ UNCCD သို့ ပေးပို့သွားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နွေစပါးရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စာပေစွမ်းပကားဖြင့် ပြည်သူ့အကျိုးထာဝစဉ်သယ်ပိုး

တက္ကသိုလ်တင်ခ

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားကျောင်းများနှင့် မြန်မာစာပေအခန်းကဏ္ဍသည် အလွန်အရေးပါခဲ့ပေသည်။ ကိုလိုနီအစိုးရလက်အောက်တွင် အမျိုးသားရေးစိတ်ဓာတ်ကို နှိုးဆော်ရာတွင်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပြုပြင်ရာတွင်လည်းကောင်း အမျိုးသားကျောင်းများက များစွာအထောက်အကူပြုပေးခဲ့ပေသည်။

အမျိုးသားရေးနိုးကြားပေးခဲ့သော မြန်မာစာပေအမွေကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ခဲ့ကြပေသည်။ အမျိုးသားရေးနိုးကြားပေးရာမှ မျိုးချစ်စိတ်ဓာတ်ကိုပါ ရိုက်ခတ်လှုပ်ရှား နိုးကြားစေခဲ့ပေသည်။ မြန်မာစာပေ၊ မြန်မာအက္ခရာ ကွယ်ပျောက်စေရန် နယ်ချဲ့တို့၏ အစီအမံကို ယနေ့မြန်မာတို့ မမေ့ပါရန် ရည်သန်တင်ပြလိုပေသည်။

မြန်မာစာပေသည် မြန်မာနိုင်ငံနှင့် မြန်မာတို့၏ ဂုဏ်ကို ဖော်ဆောင်နိုင်သော ရတနာတစ်ပါးဖြစ်ပေသည်။ မြန်မာစာပေသည် မြန်မာတို့၏ ယဉ်ကျေးမှုမဏ္ဍိုင်လည်း ဖြစ်ပေသည်။ စာပေမြင့်မှ လူမျိုးတင့်မည် ဖြစ်ပေရာ မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုသည် မြန်မာနိုင်ငံနှင့် မြန်မာတို့၏ အဆင့်အတန်းကို မြင့်မားစေရန် ဖန်တီးပေးနိုင်ပေသည်။

၁၉၂၀ပြည့်နှစ် မတိုင်မီက မြန်မာစာပေအဆင့်အတန်း နိမ့်ကျနေချိန်ဖြစ်သည်။ ဤသည်မှာ နယ်ချဲ့အစိုးရ ဝါဒကြောင့်ဟု ဆိုရပါမည်။ မြန်မာစာကိုနှိမ်၍ အင်္ဂလိပ်စာကို မြှင့်တင်ထားသည်။ အင်္ဂလိပ်စာတတ်မှ အမှုထမ်း၊ အရာထမ်းနိုင်အောင်၊ လူရာဝင်အောင် လုပ်ထားသည်။ အင်္ဂလိပ်ယဉ်ကျေးမှုကို အထင်ကြီးအောင် စီမံထားသည်။ နိုင်ငံရေးသဘောအရ အင်္ဂလိပ်လူမျိုး၊ အင်္ဂလိပ်စာ၊ အင်္ဂလိပ်ယဉ်ကျေးမှုတို့ကို အထင်ကြီးအောင် ဖန်တီးထားခြင်းပင်ဖြစ်သည်။ ယင်းသို့အထင်ကြီးနေမှ အုပ်ချုပ်ခံရသူတို့ စိတ်ထဲတွင် တော်လှန်လိုစိတ်များ ပျောက်ပြီး ကျွန်စိတ်များ ဝင်နေမည်ဖြစ်သည်။

ထိုခေတ်ထိုအခါက ဝိုင်အမ်ဘီအေအစည်းအဝေးများတွင် ပြောဆိုဆွေးနွေးကြရာ၌ အင်္ဂလိပ်ဘာသာစကားကို သုံးနှုန်းပြောဆိုခဲ့ကြသည်။ အစဦးတွင် မြန်မာသတင်းစာများ၌ ရက်စွဲထည့်ရာတွင်ပင် မြန်မာရက်စွဲမပါဘဲ အင်္ဂလိပ်ရက်စွဲသာပါလေသည်။

မြန်မာစာကို အစိုးရကျောင်းများတွင် အရေးတယူဂရုတစိုက် သင်ပေးခြင်း မရှိခဲ့ချေ။ စာသင်ကျောင်းများတွင် မြန်မာစာကို သင်ပြရာ၌ မြန်မာဗျည်းအက္ခရာ၃၃လုံးကို အကုန်အစင်သင်ကြားပေးခြင်း မပြုဘဲ ခြောက်လုံးကို နုတ်ပယ်ထားရှိရန်ပင် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ၁၉၁၉ခုနှစ် ပုသိမ်မြို့တွင် ကျင်းပသော သတ္တမအကြိမ်မြောက် ဗုဒ္ဓဘာသာ မြန်မာအသင်းကြီး၏ အစည်းအဝေးကလည်းကောင်း၊ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ကျင်းပသော တိုင်းရင်းမြန်မာကျောင်းဆရာများ အစည်းအဝေးကြီးက လည်းကောင်း၊ တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် ကန့်ကွက်ရသောကြောင့်သာ လက်မြှောက်အရှုံးပေးသွားရပေသည်။

အမျိုးသားကျောင်းများ၏ အကျိုးကျေးဇူးကြောင့် အထက်တန်းကျောင်းများတွင် မြန်မာစာအဆင့်အတန်း မြင့်လာသည့်နည်းတူ တက္ကသိုလ်မြန်မာစာ အဆင့်အတန်းသည်လည်းမြင့်လာသည်။

မြန်မာ စာပေပညာရှင်ကြီးများသည် မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် မြန်မာစာပေအမွေအနှစ်များကို ဆက်ခံထိန်းသိမ်း ပြုစုရင်း မြန်မာစာပေထွန်းကားပြန့်ပွားရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ မျက်မှောက်ခေတ် စာပေပညာရှင်များက မြန်မာစာပေ ရေသောက်မြစ်ပင်စည်နှင့် အကိုင်းအခက်အလက် အပွင့်အသီးများ စည်ပင်ဖွံ့ထွားလာစေရေး ဆက်လက် အားထုတ်ကြရဦးမည်။ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့်အညီ ပြည်သူအားလုံး စာပေမှ တစ်ဆင့်ရရှိသည့် ကောင်းမြတ်သည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရှင်သန်ဖြစ်ထွန်းနေရန် ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုလိုနီလက်သစ် နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအား စီးပွားရေးအရ လက်ဝါးကြီးအုပ်ရန် ရည်ရွယ်လုပ်ဆောင် နေကြသည်။ လူမှုရေးအရ လွှမ်းမိုးနိုင်ရန် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ၎င်းတို့လိုလားသော အုပ်ချုပ်ရေးပုံစံ၊ အနောက်တိုင်းယဉ်ကျေးမှုဓလေ့ စရိုက်များ ပျံ့နှံ့စိမ့်ဝင်လာစေရန် ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း တွေ့မြင်နေရသည်။ ထို့ကြောင့် **စာပေပညာရှင်များအပိုင်းက ပြည်သူများ ခေတ်နှင့် တစ်ပြေးညီ အသိအမြင် ပွင့်လင်းစေရန် နိုင်ငံတကာအခြေအနေမှန်ကို မျက်ခြည်မပြတ် လေ့လာသုံးသပ်နိုင်ရန် စာပေစွမ်းပကားဖြင့် အကျိုးဆောင်ပေးရန် တာဝန်ရှိပေသည်။**

ပြည်သူတစ်ရပ်လုံး အတွေးအမြင် ကောင်းလာစေရေး၊ အတွေ့အကြုံ ရင့်ကျက်လာစေရေး၊ မျိုးချစ်စိတ်ဓာတ် ထက်သန်လာစေရေးတို့အတွက် ညွှန်ပြရေးသားကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် **ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ သွေးထိုးလုပ်ကြံဖန်တီး နှောင့်ယှက်မှုများ၊ မသမာသူတို့၏ လိမ်လည်ကောက်ကျစ် လှည့်ဖြားမှုများကို သိမြင်လာစေရန် စာပေလက်နက်ဖြင့် တုံ့ပြန်ရေးသား တင်ပြကြရမည် ဖြစ်သည်။**

> **ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ သွေးထိုးလုပ်ကြံ ဖန်တီး နှောင့်ယှက်မှုများ၊ မသမာသူတို့၏ လိမ်လည်ကောက်ကျစ် လှည့်ဖြားမှုများကို သိမြင်လာစေရန် စာပေလက်နက်ဖြင့် တုံ့ပြန်ရေးသား။**

စာပေသည် အမျိုးသားရေးစိတ်ဓာတ် တည်ဆောက်ရာ၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံဆက်စပ် လှုံ့ဆော် မြှင့်တင်နိုင်သည့် စွမ်းအားရှိသည်။ မြန်မာနိုင်ငံခေတ်အဆက်ဆက်၌ အမျိုးသားရေး လှုပ်ရှားမှုများတွင် စာပေပညာရှင်များ ရှေ့တန်းက ပါဝင်ခဲ့ကြသည်။

စာပေပညာရှင်များသည် ခေတ်မီအတွေးအခေါ်၊ နည်းပညာရပ်များကို လေ့လာဆည်းပူးပြီး ပြည်သူများအား အသိအမြင်ဗဟုသုတ ပိုမိုတိုးပွားစေရေး လက်ဆင့်ကမ်းဖြန့်ဝေ အသိပညာပေးနေသူများဖြစ်သည်။ ဂုဏ်သိက္ခာမြင့်မားသည့် မြန်မာ့ကျင့်ဝတ်စည်းကမ်း၊ မြန်မာ့စိတ်ထားနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး စာပေစွမ်းပကားဖြင့် ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုး ဆောင်ရွက်သွားနိုင်ကြမည်ဟု တိုက်တွန်းဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

> **စာပေပညာရှင်များအပိုင်းက ပြည်သူများ ခေတ်နှင့်တစ်ပြေးညီ အသိအမြင် ပွင့်လင်းစေရန် နိုင်ငံတကာ အခြေအနေမှန်ကို မျက်ခြည်မပြတ် လေ့လာသုံးသပ်နိုင်ရန် စာပေစွမ်းပကားဖြင့်အကျိုးဆောင်ပေးရန်တာဝန်ရှိ။**

သမ္မတ၊ သွင်နှင့်မင်္ဂလာရုံတွင် လှည့်စားဆက်လက်ပြသ နှောင်ကြိုးဖွဲ့သံယောဇဉ် စံပြရုံတွင် ရုံဝင်လာမည်

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဇူလိုင် ၂၇

ယခုသောကြာပတ်တွင်**လှည့်စား** ဇာတ်ကား ဆက်လက်ပြသ နေဆဲဖြစ်သည်။ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် လည်းကောင်း၊ မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံများတွင် လည်းကောင်း၊ တောင်ကြီးမြို့တွင် ဇန္ဒုလရုံနှင့်မြိတ်မြို့ဂုဏ်ရုံများတွင် ကြည့်ရှုနိုင်သည်။

ရွှေဆောင်ရုံတွင် ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်၏ **မော်ဒန်အချစ်များ** ဆက်လက်အားကောင်းနေဆဲဖြစ်သည်။ ညီအစ်ကိုသုံးယောက်၏ ဘဝသရုပ်ဖော် လှုပ်ရှားမှုအသားပေးဇာတ်ကားဖြစ်သော **နှောင်ကြိုးဖွဲ့ သံယောဇဉ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ယခုသောကြာပတ်တွင်

လှည့်စားဇာတ်ကားမှ ပြည့်ဖူးခိုင်၊ ဒွေးနှင့် ခိုင်သင်းကြည်။

အင်းစိန် မဟာမြိုင်ရုံနှင့် သာကေတ မြရတနာ ရုံများတွင် ရုံဝင်လာပြီး ဩဂုတ်၄ရက် လာမည့်သောကြာပတ်တွင် မြို့လယ် စံပြနှင့်ရွှေမန်း၊ သီတာရုံများ၌ ရုံဝင်လာမည် ဖြစ်သည်။

နှောင်ကြိုးဖွဲ့ သံယောဇဉ်တွင် ရန်အောင်၊ ဇင်ဝိုင်း၊ သူထူးစံ၊ ပြည့်စုံ၊ စိုင်းသီဟ၊ လှအဥ္ဇလီတင့်၊ စိုးမိုးကြည်နှင့် မေထွဋ်ခေါင်တို့ ခေါင်းဆောင်ပါဝင်ထားပြီး မိဘမေတ္တာ ဗီဒီယိုထုတ်လုပ်ရေးမှ တင်ဆက်ထားသည်။

နိုင်ငံခြားဇာတ်ကားများ

မြို့လယ်ဆုထူးပန်ရုံတွင် ကလေးကြိုက်မြွေ၊ ဆင်လိမ္မာနှင့် မျောက်လိမ္မာ

တို့ပါဝင်ထားသော **Siva Shankari** ဇာတ်ကားရုံဝင်လာသည်။ မြွေမှော်ဝင်နေသော ကလေးငယ်က ဆင်လိမ္မာ၊ မျောက်လိမ္မာတို့ အကူအညီဖြင့် မိခင်အတွက် ကလဲ့စားချေသော ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည်။

ရွှေဂုန်ရုံ မြေညီထပ်တွင် ဆန်နီဒိုးလ်ခေါင်းဆောင်ပါဝင်ထားသော **Zidoli** အက်ရှင် ဇာတ်ကား ရုံဝင်လာပြီး ရွှေဂုန်ရုံအပေါ်တွင် စတားလုံး

မော်ဒန် အချစ်များမှ ရန်အောင်နှင့် မေသဥ္ဇာဦး။

ပါဝင်ထားသည့် **Cliffhanger** ဇာတ်ကား ပြသလျက်ရှိသည်။ စတားလုံး၏ သက်စွန့်ဆံဖျား တောင်တက်ခန်းများကို ကယ်လီဖိုးနီးယား နှင့်တောင်များတွင် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

မြို့မရုံတွင်မင်းသမီးချော ကာဂျိုးလ်က ဆွိတီနှင့်တီနာ အမြွှာညီအစ်မအဖြစ် သရုပ်ဆောင်ပြီး မင်းသားရှုရီး ကာပူးနှင့် စုနီးရှက်တီးတို့ ပါဝင်ထားသော **Kuch Khatti Kuch Meethi** ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ဩစတြေးလျနှင့် အင်္ဂလန်နိုင်ငံတို့၏ သဘာဝရှုခင်းများနှင့် အကအလှတေးဂီတတို့ကို စွဲမက်ဖွယ် ရိုက်ကူးထားသည်။ ။

(မြန်မာ့အလင်း)

နှောင်ကြိုးဖွဲ့ သံယောဇဉ်

နှောင်ကြိုးဖွဲ့ သံယောဇဉ် မှ ပြည့်စုံ နှင့် လှအဥ္ဇလီတင့်။

အဓိကသီးနှံ၁၀မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းလမ်းလေးသွယ်ဖြင့်ဆောင်ရွက် စက်သုံးဆီလိုအပ်ချက်ဖြည့်ဆည်းနိုင်သည့် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲနှင့် ခရိုင်အဆင့် မျိုးစေ့ချကိရိယာဖြင့် စပါးအတန်းလိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးရှိ တောင်သူဦးစိုးမင်း၏လယ်မြေ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် အဓိကသီးနှံ ၁၀မျိုးကို ပန်းတိုင်အထွက်နှုန်းများရရှိအောင် နည်းလမ်းလေးသွယ်နှင့်အညီ စိုက်ပျိုးကြရန်၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် စက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် သီးနှံစိုက်ဧကများနှင့် ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးကြရန် ပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် အမှတ်ပေးဒိုင်ချုပ် ခရိုင်မြေစာရင်းဦးစီးမှူး ဦးမျိုးဦးက ပြိုင်ပွဲစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့်ဧည့်ပရိသတ်များသည် ခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ ပြိုင်ပွဲဝင်အသင်းကိုးသင်း၏ စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲယှဉ်ပြိုင်နေမှုနှင့် စပါးခင်းများအတွင်း စပါးနှင့်ဘဲ တွဲဖက်မွေးမြူထားရှိမှုတို့ကို ကြည့်ရှုကြသည်။

မျိုးစိုက်ထည့်ပေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသည့် ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ရွှေဝါ၊တီလားပီးယားနှင့် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၂၅၀၀၀ကျော်ကို စပါးစိုက်ခင်းများအတွင်း မျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဧည့်သည်တော်များသည် အခမ်းအနား၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသည့် ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်နည်းစနစ် လက်တွေ့သရုပ်ပြသမှု၊ ခြင်းဖြင့် ချင်းစိုက်ပျိုးပြသထားမှု၊ ခရိုင်အတွင်း ခြင်းဖြင့်ချင်းစိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနှင့်ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်သုံးစွဲမှု မှတ်တမ်းဓာတ်ပုံများနှင့် ခြံစည်းရိုးကြက်ဆူပင်များနှင့် မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ခရိုင်အဆင့် စပါးအတန်းအလိုက် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် အသင်းများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပြိုင်ပွဲဝင်အသင်းများအား ထပ်ဆင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် အနေဖြင့် ယခုနှစ်အတွင်း မိုးစပါး ၇၉၆၆၁၃ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ ယနေ့အထိ ၇၇၈၄၀၇ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ တစ်မိုးနှစ်သီးစပါးဧက၃၀၀၀၀စိုက်ပျိုးရန် လျာထားခဲ့ရာ ဧက၅၀၀၀ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ရေတော်မိုးတော် မိုးစပါး ၆၁၇၅၇၅ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၃၀ – ၇ – ၂၀၀၆ ရက်နေ့

၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်
၁၃ – ၈ – ၂၀၀၆ ရက်နေ့နှင့်
၂၇ – ၈ – ၂၀၀၆ ရက်နေ့

မြဝတီရုပ်မြင်သံကြား

၂၈–၇–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း–၄၀)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **“ဦးခိုက်ပူဇော် ဂုဏ်ကျေးဇူးတော်”**
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သတ္တိဗျတ္တိ”** (အပိုင်း–၁၇)

မိုးကုတ်မြို့ ဈေးသစ်ရပ် အဖ ဦးနု၊ အမိ ဒေါ်ယုံတို့အား ရည်စူး၍ အမှတ် ၃၉/၄၁ လှည်းတန်းလမ်း ကမာရွတ်မြို့နယ်နေ ဦးစိုးမြင့်–ဒေါ်မြင့်မြင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင်ကျပ် ငါးသိန်းတစ်သောင်းငါးထောင် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

HIV/AIDS ရောဂါကာကွယ်ရေးလုပ်ငန်းများ အတွေ့အကြုံနှီးနှောဖလှယ် ရှေ့လုပ်ငန်းစဉ်များဖော်ထုတ်ပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသော လူငယ်လူရွယ်များ၌ HIV/AIDS ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံနှီးနှောဖလှယ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များဖော်ထုတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဂရင်းပလာဇာပတ်ရှိုင်ရယ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လူငယ်လူရွယ်များ၌ HIV/AIDS ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံနှီးနှောဖလှယ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွန့် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

တက်ရောက်

ယင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အစိုးရ မဟုတ်သော လူမှုရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နီးနွယ်သော ဌာနများမှတာဝန်ရှိသူများ၊ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ တင်ညွန့်၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha နှင့် ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker တို့ကအဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

ဆက်လက်ကျင်းပ

အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၈၀ တက်ရောက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်အထိ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၂၇

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၂၈ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ကာ လှိုင်းကြီးနိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်အရ မုတ်သုံလေအားကောင်းမည်ဖြစ် ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Liu Ping ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ညစာတည်ခင်း

ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ် ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် နီကိုး ကန်တော်ကြီးဟိုတယ်၌ တွေ့ဆုံ ဆွေးနွေးကြပြီး ညနေပိုင်းတွင် အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်က နီကိုး ကန်တော်ကြီး ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

ဒုတိယဝန်ကြီး ဦးကျော်သူအား မြန်မာနိုင်ငံသို့ အလုပ်သဘောအလည် အပတ်ရောက်ရှိနေသည့် ယူနန်ပြည် နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ သွားရောက်တွေ့ဆုံ သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံပြီးနောက် ဒုတိယ ဝန်ကြီးဦးကျော်သူနှင့် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူးတို့ ခေါင်းဆောင်၍ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီခွဲ မှ မွန်းလွဲ ၁၂ နာရီခွဲ အထိ ဆက်လက်ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုဆွေးနွေးပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီး ဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန၊ သစ်တော ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ် ရေးမှူး ခေါင်းဆောင်သော ကိုယ်စား လှယ်အဖွဲ့အား ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အတူ လိုက်ပါလာသည့် စီးပွားရေး လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၏ ဆွေးနွေးပွဲကို ဆက်လက် ကျင်းပသည်။

တည်ခင်းဧည့်ခံ

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်သူက ယူနန်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင် သော ကိုယ်စားလှယ်အဖွဲ့အား ကုမုဒြာ ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ် ရေးမှူး ခေါင်းဆောင်သော ကိုယ်စား လှယ်အဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်၌ တွေ့ဆုံ သည်။

ထို့အပြင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေး မှူး ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယင်းနေ့ နံနက် ၉ နာရီခွဲ တွင် နေပြည်တော်၌ တွေ့ဆုံသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ယူနန်ကိုယ်စားလှယ်အဖွဲ့သည် နံနက် ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည် တော်မှ မန္တလေးမြို့သို့ ထွက်ခွာသွား ကြသည်။

ကချင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဇူလိုင် ၂၆ ရက်တွင် မြစ်ကြီးနားမြို့ရှိ မြောက် ပိုင်းတိုင်း စစ်ဌာနချုပ်သို့ သွားရောက် ၍ တွေ့ဆုံသည်။

ပြန်လည်ထွက်ခွာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ် ရေးမှူးခေါင်းဆောင်သော ကိုယ်စား လှယ်အဖွဲ့သည် မန္တလေးနှင့် မြစ်ကြီး နားမြို့များသို့ သွားရောက်လည်ပတ် ခဲ့ကြပြီး ဇူလိုင် ၂၇ ရက်တွင် မြစ်ကြီး နားမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့ မော်တော်ယာဉ်များဖြင့် ပြန်လည် ထွက်ခွာသွားကြကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၂၇

၂၀၀၆ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက ပဲခူးတိုင်းအသင်းကို ၈၇ မှတ်–၃၃ မှတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)က စစ်ကိုင်းတိုင်းကို ၆၇ မှတ်–အမှတ် ၅၀ ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက ကချင်ပြည်နယ်ကို ၇၈ မှတ်–၅၄ မှတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းက ရခိုင်ပြည်နယ်ကို ၇၈ မှတ်–၄၄ မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီးအုပ်စုတွင်းပြိုင်ပွဲများတွင် (က)အုပ်စုမှ လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းက မန္တလေးတိုင်းကို ၈၃ မှတ်–၂၅ မှတ်ဖြင့် လည်းကောင်း၊ (ခ)အုပ်စုတွင် ရန်ကုန်တိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ၆၂ မှတ်–အမှတ် ၃၀ဖြင့် လည်းကောင်း၊ (က)အုပ်စုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က တနင်္သာရီကို ၆၈ မှတ်–၂၈ မှတ်ဖြင့်လည်းကောင်း၊ (ခ)အုပ်စုတွင် ပဲခူးတိုင်းက ဧရာဝတီတိုင်းကို အမှတ် ၆၀–၂၉ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အမျိုးသမီး(က)အုပ်စုတွင် ပထမ စစ်ကိုင်းတိုင်း၊ ဒုတိယရှမ်းပြည်နယ် (တောင်ပိုင်း)၊ (ခ)အုပ်စုတွင် ပထမ ရန်ကုန်တိုင်းနှင့် ဒုတိယ ပဲခူးတိုင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ယှဉ်ပြိုင်မည်

ဇူလိုင် ၂၈ ရက် **(ယနေ့)** နံနက် ၉ နာရီတွင်စတင်၍ အကြိုဗိုလ်လုပွဲများ ကျင်းပမည်ဖြစ်ရာ အမျိုးသမီး အကြိုဗိုလ်လုပွဲများအဖြစ် (က)အုပ်စု ပထမ စစ်ကိုင်းတိုင်းနှင့်(ခ)အုပ်စု ဒုတိယ ပဲခူးတိုင်း၊ (ခ)အုပ်စု ပထမ ရန်ကုန်တိုင်း နှင့် (က)အုပ်စု ဒုတိယ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အမျိုးသား အကြိုဗိုလ်လုပွဲများအဖြစ် လက်ရှိချန်ပီယံ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပစ္စည်းယူ၊ လူသတ်တရားခံအား နှစ်နာရီအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၇

မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၌ ဇူလိုင် ၈ ရက်က ပစ္စည်းယူလူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး တရားခံအား နှစ်နာရီ အတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ ကြောင်း သိရသည်။

အမှုဖွင့်အရေးယူ

ဖြစ်ပွားပုံမှာ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက မုံရွာမြို့ ကွေ့ကြီးရပ်ကွက် နယ်မြေ(၂) ဗိုလ်ချုပ်လမ်းရှိ ဒေါ်တင် မေ၏ နေအိမ်အပေါ်ထပ်မှ သွေးစက် များကျနေကြောင်း ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ အကြောင်းကြားချက်အရ တာဝန်ရှိသူများက အခင်းဖြစ်နေအိမ် သို့ ချက်ချင်းသွားရောက် စစ်ဆေးရာ အိမ်အပေါ်ထပ်၌ ဒေါ်တင်မေသည် လည်ပင်းတွင် ဓားဒဏ်ရာဖြင့် သေဆုံး နေကြောင်းတွေ့ရသဖြင့် မုံရွာ အမှတ် (၁)ရဲစခန်းက အမှုဖွင့် အရေးယူဆောင် ရွက်ခဲ့သည်။ စုံစမ်းစစ်ဆေးချက်များ အရ ဒေါ်တင်မေမှာ တစ်ဦးတည်း နေထိုင်သူဖြစ်ကြောင်း ၎င်းထံတွင် မုံရွာမြို့ ကွေ့ကြီးရပ် ရာပြည့်လမ်းနေ မမိုးခိုင် (ခ) မိုးမိုးခိုင်(၂၇)နှစ် (ဘ) ဦးအောင်ကြည်အား အိမ်ဖော်အဖြစ် ခေါ်ယူထားကြောင်း သိရှိရသဖြင့် မမိုးခိုင်အား အခင်းဖြစ်နေ့ ညနေ ၄နာရီခွဲတွင် သက်ဆိုင်ရာက ခေါ်ယူ စစ်ဆေးခဲ့ရာ ဒေါ်တင်မေသည် လွန်ခဲ့ သည့် တစ်လခန့်က ခြံထွက်သရက် သီး ရောင်းပေးထားသော ငွေကျပ် ၁၀၀၀၀ကို မမိုးခိုင်ထံမှ ပြန်တောင်း သဖြင့် မမိုးခိုင်က မကျေမနပ်ဖြစ်နေခဲ့ ကြောင်း၊ အခင်းဖြစ်နေ့ နံနက်၁၀နာရီ တွင် ဒေါ်တင်မေအိမ်သို့ သွားရောက် ခဲ့ပြီး ဒေါ်တင်မေအား သနပ်ခါးလိမ်း လိုကြောင်း အကြောင်းပြ၍ အိမ်အပေါ် ထပ်သို့ လိမ်လည်ခေါ်ဆောင်သွားခဲ့ ကြောင်း၊ အိမ်အပေါ်ထပ်အရောက်တွင် မမိုးခိုင်က ဒေါ်တင်မေအား ယခင် က ရောင်းပေးရန်ပြသဖူးသည့် ရွှေ ဘယက်ကို ယခုဝယ်လိုသူရှိကြောင်း ပြော၍ တောင်းယူပြီး ရွှေဘယက် ရသည်နှင့် မမိုးခိုင်သည် ယခင် အငြိုး အတေးနှင့် လောဘဇောကြောင့် ဒေါ် တင်မေအား နောက်မှအသင့်ယူဆောင် လာသော သစ်ခုတ်ဓားဖြင့် ခုတ်သတ် ခဲ့ကြောင်း၊ ထို့နောက် ဒေါ်တင်မေ၏ နားရွက်ကို ဓားဖြင့်လှီးဖြတ်၍ ပုလဲ တစ်လုံးစီတပ် နှစ်ပဲသားခန့်ရှိ ရွှေနား ကပ်တစ်ရန်နှင့် အိမ်ရှိ ငွေကျပ် ခုနစ်ထောင်တို့ကို ယူဆောင်ခဲ့ကြောင်း သိရှိရသည်။

ဝိုင်းဝန်းပူးပေါင်း

စစ်ဆေး ပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ မမိုးခိုင်(ခ)မိုးမိုးခိုင် ထံမှ ရွှေနှစ်ကျပ်လေးပဲငါးရွေးခန့်ရှိ ရွှေဘယက်တစ်ကုံး၊ ပုလဲ တစ်လုံးစီ တပ် ရွှေနားကပ်တစ်ရန်နှင့် ငွေကျပ် ခုနစ်ထောင်တို့ကို ပြန်လည် သိမ်း ဆည်းရမိပြီး တရားခံအား ထိရောက် စွာ အရေးယူ အပြစ်ပေးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခု ကဲ့သို့ ပစ္စည်းယူ လူသတ်တရားခံအား နှစ်နာရီအတွင်း ဖမ်းဆီးရမိခြင်းမှာ ရပ်ကွက်နေပြည်သူလူထုက တာဝန် သိသိဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင် ရွက်ခဲ့မှုကြောင့်ဖြစ်ကြောင်း သိရှိ ရသည်။ **(သတင်းစဉ်)**

အထူးခြေစမ်းဘောလုံးပြိုင်ပွဲ ပဏာမလက်ရွေးစင်(က)အသင်း အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့တွင် ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် မာဒေးကားဘောလုံး ပြိုင်ပွဲ လူရွေးပွဲအတွက် ပဏာမလက်ရွေးစင်များ အထူးခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ကျင်းပရာ ပဏာမလက်ရွေးစင်(က)အသင်းက (ခ)အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိ သွားသည်။

ပဏာမလက်ရွေးစင်(က)အသင်း – တစ်ဂိုး (မျိုးလှိုင်ဝင်း)
ပဏာမလက်ရွေးစင်(ခ)အသင်း – ဂိုးမရှိ
ဒိုင်လူကြီး – ဦးလှတင့်။

လူရွေးပွဲဖြစ်၍ နှစ်ဖက်အသင်းမှ ဘောလုံးသမားများ အစွမ်းကုန် ယှဉ် ပြိုင်ကစားသွားကြသည်။

ဂိုးမရှိသရေ

ပထမပိုင်းတွင် ပဏာမလက်ရွေး စင်(ခ)အသင်းက ဘောလုံးပိုင်ဆိုင်မှု များပြီး ပိုမိုထိုးဖောက်ကစားသော် လည်း ပဏာမလက်ရွေးစင်(က) အသင်း နောက်တန်းနှင့် ဂိုးသမား ကိုကိုအောင်တို့ ဖျက်ထုတ်နိုင်မှု ကြောင့် ဂိုးမရဘဲ ပထမပိုင်းအပြီး တွင် ဂိုးမရှိသရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေးအတွက် ကြိုးစားကစားကြ ရာ ပဏာမလက်ရွေးစင်(က)အသင်း က ဘောလုံးပိုင်ဆိုင်မှုများပြီး ပိုမို ထိုးဖောက် ဖိကစားသွားသည်။ ဒုတိယပိုင်းတွင် ပဏာမလက်ရွေးစင် (က)အသင်းမှ အောင်ကျော်ထွန်း အစား စိုးမြတ်မင်း၊ ကျော်ခိုင်ဝင်း အစား လာကျဲအိုလွယ်၊ ခင်မောင်လွင် အစား ဇော်ထက်အောင်တို့ ပါဝင် ကစားကြပြီး၊ ပဏာမလက်ရွေးစင် (ခ)အသင်းတွင် ဆန်းဒေးသိန်းအစား စည်သူဝင်းနှင့် ကျော်သီဟအစား နိုင်ဝင်းတို့ ပါဝင်ကစားကြသည်။

ပဏာမလက်ရွေးစင်(ခ)အသင်း ထိုးဖောက်ကစားရာ မိနစ် ၈၀ တွင် ပဏာမလက်ရွေးစင်(က)အသင်း၏ဂိုး ရှေ့၌ စည်သူဝင်း ဂိုးသမား ကိုကို အောင်နှင့် နှစ်ယောက်ချင်းအတွေ့ ဘယ်ခြေဖြင့် ကန်သွင်းရာ ဘေးထွက် ၍ သေချာပေါက်ဂိုးတစ်ဂိုး နစ်နာခဲ့ ရသည်။ ပဏာမလက်ရွေးစင်(က) အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲပြီးရန် လေးမိနစ်အလို တွင် မျိုးလှိုင်ဝင်း နောက်ခံလူများ ဟန့်တားသည့်ကြားမှ ညာခြေဖြင့် ကန်သွင်းယူ၍ အနိုင်ဂိုးရရှိသွားသည်။

ပဏာမလက်ရွေးစင်(က)အသင်း တွင် **ဂိုး**–ကိုကိုအောင်၊ **နောက်တန်း**– မင်းသူ၊ **အသင်းခေါင်းဆောင်** ဇော်လင်းထွန်း၊ ကျော်ဇေယျာမင်းနှင့် ခင်မောင်လွင် (ဇော်ထက်အောင်)၊ **အလယ်တန်း** – ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း (လာကျဲအိုလွယ်)၊ စိုးသီဟအောင်နှင့် ကျော်သူရ၊ **ရှေ့တန်း**–မျိုးလှိုင်ဝင်းနှင့် အောင် ကျော်ထွန်း(စိုးမြတ်မင်း)တို့ ပါဝင် ကစားကြသည်။

သူတို့ပါဝင်ကစား

ပဏာမလက်ရွေးစင်(ခ) အသင်း တွင် **ဂိုး**–ဇော်မိုးထက်၊ **နောက်တန်း**– ဟန်ဝင်းအောင်၊ ထူးကျော်၊ မိုးဝင်းနှင့် အောင်ဇော်မျိုး၊ **အလယ်တန်း**– ကျော်သီဟ(နိုင်ဝင်း)၊ အောင်မျိုးသန့်၊ **အသင်းခေါင်းဆောင်** မျိုးမင်းထွန်း၊ ဇော်ဇော်၊ **ရှေ့တန်း**–ဆန်းဒေးသိန်းနှင့် အောင်မြင့်အေးတို့ ပါဝင်ကစားကြ သည်။

ဇူလိုင် ၂၉ ရက်၌ အထူးခြေစမ်းပွဲ ဒုတိယပွဲအဖြစ် ပဏာမလက်ရွေးစင် (က)နှင့် (ခ)အသင်းတို့ ညနေ ၃ နာရီခွဲ တွင် အောင်ဆန်းအားကစားပြိုင်ဝင်း ၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ် သည်။ **(မြန်မာ့အလင်း)**

အထူးခြေစမ်းပွဲ ဘောလုံးပြိုင်ပွဲတွင် ပဏာမလက်ရွေးစင်(ခ)အသင်း နှင့် ပဏာမလက်ရွေးစင်(က)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

ရာသီအကြိုခြေစမ်းပွဲ၌ ပေါလ်စခိုး ခြေစွမ်းပြနေ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇူလိုင် ၂၇

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ရာသီအကြို ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဆဲလ်တစ်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။



မန်ယူမှ ပေါလ် စ ခိုး၏ ဘောလုံး ကျွမ်းကျင်မှု ပြကွက်အလှ။
(ဓာတ်ပုံ-အင်တာနက်)

အနိုင်ရ

မန်ယူအတွက် ပေါလ်စခိုးက နှစ်ဂိုးသွင်းယူပေးခဲ့သည်။ နောက်တန်းလူ ဂျိုနသန်အီဗန်းစ်က တစ်ဂိုးသွင်းယူခဲ့သည်။ ဆဲလ်တစ်အသင်းသည် ရာသီအဖွင့်ပွဲမကစားမီ ချစ်ကြည်ရေးပွဲ ခုနစ်ပွဲကစားခဲ့ပြီးဖြစ်သည်။ အဲဗာတန်အသင်းကိုသာ အနိုင်ရခဲ့သည်။

သင်ခန်းစာပေး

မန်ယူအသင်းသည် ရာသီအကြိုပွဲဖြစ်သော်လည်း ခြေမှန်ကစားနိုင်ခဲ့ပြီး ဆဲလ်တစ်အသင်းကို သင်ခန်းစာများပေးနိုင်ခဲ့သည်။

ကျေနပ်ပီတိ

ယင်းပွဲတွင် ပေါလ်စခိုး အထူးခြေစွမ်းပြကစားခဲ့သဖြင့် မန်နေဂျာဖာဂူဆန်က ကျေနပ်ပီတိဖြစ်ခဲ့သည်။ ပေါလ်စခိုးသည် ပြီးခဲ့သော ရာသီတစ်ဝက်ခန့်က ပြိုင်ပွဲများနှင့် အများဆုံးလွဲခဲ့သူဖြစ်သည်။

ပြောကြား

ပေါလ်စခိုး၏ ကစားပုံအနေအထားများပို၍ ကောင်းလာကြောင်း၊ သည်းခံမှု၊ ကြိုးစားမှုစွမ်းရည်များလည်း ပိုကောင်းလာကြောင်း၊ လာမည့်ရာသီအတွက် မန်ယူ၏ လိုအပ်ချက်ကို အမှန်တကယ် ဖြည့်စွမ်းပေးမည့်သူဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ ။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ် တန်းတက်အသင်း ဆောက်သမ် ပို့စ်မောက်အသင်းကို အနိုင်ကစားပြလိုက်ပြီ

လန်ဒန် ဇူလိုင် ၂၇

ပရီမီယာရှစ်တန်းတက်အသင်း ဆောက်သမ်အသင်းသည် ရာသီအကြိုပွဲအဖြစ် ပို့စ်မောက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲဦးထွက်အဖြစ် ဆောက်သမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစလျှင်စချင်း လျင်လျင်မြန်မြန် ထိုးဖောက်ကစားတတ်သောပို့စ်မောက်အသင်းက ၁၅ စက္ကန့် အချိန်တွင် ဂိုးစသွင်းယူခဲ့သည်။

သို့သော်လည်း တန်းတက်အသင်း ဆောက်သမ်အသင်းက နှစ်ဂိုး ပြန်သွင်း၍ ပွဲဦးထွက် မျက်နှာပန်းလှသွားသည်။

တစ်ဂိုးသွင်းယူ

ဆောက်သမ်အသင်း၏ အနိုင်ဂိုးများကို လီဘရက်ဘာရီက သွင်းယူခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် စတီဗင်ဟာမဲလ်၏ ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုး တစ်ဂိုး၊ လွှာလွှာ၏ အလွတ်ကန်ဘောမှတစ်ဆင့် တစ်ဂိုးသွင်းယူခဲ့သည်။

ကျင်းပမည်

ပရီမီယာရှစ်တန်းတက် အသင်းများသည် ခြေစွမ်းထက်လေ့ရှိသည်။ ယမန်နှစ်က ဝီဂန်အသင်းသည် ပရီမီယာရှစ်တွင် အောင်မြင်မှုရရှိခဲ့သော အသင်းဖြစ်သည်။ ယခုနှစ် ပရီမီယာရှစ် ဘောလုံးပွဲများကို ဩဂုတ်လအတွင်း စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခြေစွမ်း

ဘောလုံးဝါသနာအိုးများ အနေဖြင့် ဝါရင့် ချယ်လ်ဆီး၊ မန်ယူနှင့် အာဆင်နယ် အစရှိသော နာမည်ကြီးအသင်းများနှင့်အတူ တန်းတက်အသင်းများ၏ ခြေစွမ်းကိုကြည့်ရှုရတော့မည်ဖြစ်သည်။

(အင်တာနက်)



ပရီမီယာရှစ် တန်းတက်အသင်း ဆောက်သမ်အသင်းမှ အားထားရသော လီဘရက်ဘာရီ၏ ပြေးလွှားကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

မန်စီးတီးမှ လူသစ်ကစားသမား ချစ်ကြည်ရေးပွဲတွင် သုံးဂိုးသွင်း

လန်ဒန် ဇူလိုင် ၂၇

မန်စီးတီးမှအသစ်စာချုပ်လိုက်သော ဂျိုးဘာတန်သည် ရာသီကြိုပွဲအဖြစ် ပို့စ်ဖေးလ်အသင်းနှင့် ယှဉ်ပြိုင်ရာတွင် ပထမပိုင်းအတွင်း၌ပင် ဟက်ထရစ် (သုံးဂိုး) သွင်းပေးလိုက်ပြီး မန်စီးတီးတို့ အောင်ပွဲခံခဲ့သည်။

မန်စီးတီးအသင်း၏ ဂိုးသွင်းစက်သဖွယ် ဖြစ်လာမည့် ဂျိုးဘာတန်။ (ဓာတ်ပုံ-အင်တာနက်)

သွင်းယူ

ထိုပွဲတွင် မန်စီးတီးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ဘာတန်ကပွဲစပြီး ရှစ်မိနစ်တွင် ဂိုးစတင်သွင်းယူသည်။ ဒုတိယမြောက်ဂိုးကို ပေါလ်ဒစ်ကောဗ်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ တတိယမြောက်ဂိုးကို ဆာမာရပ်ခ်နှင့် ဒစ်ကော့ဗ်တို့ အတိုင်အဖောက်ကစားပြီး ထိုးပေးလိုက်သော ဘောလုံးမှတစ်ဆင့် သွင်းယူခဲ့သည်။

ပြောကြား

အသစ်ခေါ်ယူလိုက်သောဘာတန်သည် မည်သည့်အချိန်၊ မည်သည့်ပွဲတွင်မဆို ဟက်ထရစ်သွင်းနိုင်သူဖြစ်လာလိမ့်မည်ကို ရာသီအကြိုပွဲတွင် ပြသလိုက်ခြင်းဖြစ်ကြောင်း မန်စီးတီးအသင်း မန်နေဂျာစတူးဝပ်ပီးယားက ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

နုတ်ထွက်တော့မည့်အင်္ဂလန်အသင်းနည်းပြ အဲရစ်ဆင်(ဝဲ)နှင့် နည်းပြသစ် မက္ကလာရင်(ယာ)။
(ဓာတ်ပုံ-အင်တာနက်)

လာမည့်ဘောလုံးရာသီအကြိုပြောင်းရွှေ့မှုများနှင့် အဖြစ်အပျက် သတင်းများ၏ နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်းဘောလုံးပရိသတ်များအတွက် စုစည်းဖော်ပြလိုက်ပါသည်။

အင်္ဂလန်နည်းပြမက္ကလာရင်အား ကလစ်ဖို့ဒ်ကူညီမည်

လာမည့်လတွင် အင်္ဂလန်အသင်းလက်ရှိ မန်နေဂျာ စတီဗင်ဂိုရန်အဲရစ်ဆင် နုတ်ထွက်တော့မည်ဖြစ်ရာ မက္ကလာရင်လည်း တရားဝင် အင်္ဂလန်နည်းပြ ဖြစ်လာတော့မည်ဖြစ်သည်။ မက္ကလာရင်နည်းပြအဖြစ် တာဝန်ယူသည့်အချိန်မှစတင်ကာ အင်္ဂလန်ဘောလုံးအထူးအကြံပေးပုဂ္ဂိုလ် မက်ကလစ်ဖို့ဒ်က မိမိအစွမ်းကုန် အကူအညီပေးသွားမည်ဟု ပြောကြားလိုက်သည်။

မက်ကလစ်ဖို့ဒ်သည် ဘောလုံးပညာနှင့် ပတ်သက်၍ စီမံခန့်ခွဲမှု၊ နည်းစနစ်နှင့် အကြံပေးမှုများကို ဆောင်ရွက်ရာ၌ နာမည်ကြီးသူ တစ်ဦးဖြစ်သည်။ မက်ကလစ်ဖို့ဒ်သည် မက္ကလာရင်နှင့် ဆက်ဆံရေးပြေပြစ်သူဖြစ်သဖြင့် မိမိအနေဖြင့် လက်တွဲကူညီပေးသွားမည်ဖြစ်ကြောင်း၊ မီဒီယာများနှင့် တွေ့ကြုံသည့်အခါတွင်လည်း မည်သို့မည်ပုံ ဖြေရှင်းရမည်ကိုပါ အကြံပြုပေးသွားမည်ဟု ပြောကြားသည်။

မက္ကလာရင်သည် အင်္ဂလန်အသင်းကို အောင်မြင်မှုရရှိအောင်စွမ်းဆောင်ပေးနိုင်မည်ဟု မိမိယုံကြည်ကြောင်းလည်း မက်ကလစ်ဖို့ဒ်က ပြောကြားသည်။

နစ္စတယ်ရွိုင်းအား ရီးရဲမက်ဒရစ်က ပေါင် ၁၀ ဒသမ ၃ သန်းပေးမည်ဆို

မန်ယူတွင် ဆက်ဆံရေး အဆင်မပြေဖြစ်နေပြီး ခြေစွမ်းကျဆင်းမှုကြောင့် ပွဲချိန်ပြည့် ကစားခွင့်မရဖြစ်နေသည့် မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းအား ရီးရဲမက်ဒရစ်က ပေါင် ၁၀ ဒသမ ၃ သန်း ပေးမည်ဟု ကမ်းလှမ်းလိုက်သည်။

မိမိတို့၏ ယခုကမ်းလှမ်းချက်မှာအသစ်ဖြစ်ကြောင်း၊ ယခင်က ပြောကြားခဲ့သည့် ငွေကြေးထက် ပိုမိုပေးထားကြောင်း၊ မန်ယူနည်းပြ ဖာဂူဆန်၏ တုံ့ပြန်မှုကို မိမိတို့စောင့်နေကြောင်း ရီးရဲမက်ဒရစ်ကလပ်က ပြောကြားသည်။

မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် ဇူလိုင် ၂၄ ရက်မှစတင်ကာ မန်ယူအသင်းတွင်လေ့ကျင့်ရေးပြန်လည်ပြုလုပ်နေပြီးဖြစ်ပြီး ၎င်း၏အနာဂတ်မှာလည်း မရေရာမသေချာလျက်ရှိနေသည်။ ရီးရဲမက်ဒရစ်၏ ပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ မန်ယူက တစ်စုံတစ်ရာအကြောင်း မပြန်သေးကြောင်း သိရသည်။

မန် ယူ တိုက် စစ် မှူး နစ္စတယ်ရွိုင်းအား ရီးရဲမက်ဒရစ်မှ ပေါင် ၁၀ ဒသမ ၃ သန်းပေး ခေါ်နေ။
(ဓာတ်ပုံ-အင်တာနက်)



ဒရော့ဘာ အသင်းပြောင်းမည်မဟုတ်

ချယ်လ်ဆီးတိုက်စစ်မှူးနှင့် အိုင်ဗရီကို့စ် တိုက်စစ်မှူးဖြစ်သူ ဒရော့ဘာ**(အပေါ်ပုံ)**သည် မိမိအနေဖြင့် ချယ်လ်ဆီးတွင် ဆက်လက်ကစားသွားရန် ဆုံးဖြတ်ထားကြောင်း၊ မည်သည့် အသင်းကိုမျှ ပြောင်းရွှေ့မည့် စိတ်ကူးမရှိကြောင်း ပြော ကြားလိုက်သည်။

ယခုအခါ ချယ်လ်ဆီးတွင် ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကိုနှင့် ဂျာမနီတိုက်စစ်မှူး မိုက်ကယ်ဘောလက်တို့ရောက်ရှိနေရာ ဒရော့ဘာအသင်း ပြောင်းဖွယ်ရှိသည်ဆိုသော ကောလာဟလများကို ချေဖျက်လိုက်ခြင်းဖြစ်သည်။

ချယ်လ်ဆီးတွင် မိမိပျော်ကြောင်း၊ ကစားရသည်မှာလည်း ကောင်းမွန်ကြောင်း၊ ယခုနှစ် ဘောလုံးရာသီတွင် မိမိအကောင်းဆုံးခြေစွမ်းပြနိုင်မည်ဟု ယုံကြည်ကြောင်း၊ ချယ်လ်ဆီးသို့ တိုက်စစ်မှူးအသစ်များရောက်လာမှုမှာ ပြဿနာမဟုတ်ကြောင်း၊ မိမိအနေဖြင့် ချယ်လ်ဆီး၏ အကောင်းဆုံး တိုက်စစ်မှူးအဖြစ် ခံယူထားကြောင်း အသက် ၂၈နှစ်အရွယ်ရှိ ဒရော့ဘာက ပြောကြားလိုက်သည်။

ဂျာမိန်းပင်းနင့် လီဗာပူးနှင့်စာချုပ်ပြီ

ဘာမင်ဂမ် ကွင်းလယ်ကစားသမား ဂျာမိန်းပင်းနင့်အား လီဗာပူးက ပေါင်၆ဒသမ၇ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။ ဂျာမိန်းပင်းနင့်အား လီဗာပူးက လေးနှစ် စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြစ်ပြီး လီဗာပူးကွင်းလယ်အားနည်းချက်ကို ဖြည့်ဆည်းခြင်းဖြစ်ကြောင်း လီဗာပူးကလပ်က ပြောကြားသည်။

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဂျာမိန်းပင်းနင့်သည် ဘာမင်ဂမ်အသင်းသို့ ပြီးခဲ့သည့်နွေရာသီ၌ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်ပြီး ယခုအခါ လီဗာပူးသို့ ထပ်မံပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ ဂျာမိန်းပင်းနင့်က မိမိအနေဖြင့် စွမ်းအားပြည့်ကစားရန် အသင့်ရှိကြောင်း၊ မိမိအားအသင်းအတွက် လိုအပ်သည်ဟု ဆန္ဒဖြင့်ခေါ်ယူခြင်းအတွက် မိမိအကောင်းဆုံးကစားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ချယ်လ်ဆီးက ဂါးလက်ကို ငါးနှစ်စာချုပ်ချုပ်လို

ချယ်လ်ဆီး နောက်ခံလူနှင့် ပြင်သစ်ဘောလုံးသမား တစ်ဦးဖြစ်သူ ဂါးလက် **(အောက်ပုံ)** ကို ချယ်လ်ဆီးကလပ်က နောက်ထပ်ငါးနှစ်စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းလျက်ရှိကြောင်း ပြောကြားသည်။

အသက် ၂၈နှစ်အရွယ်ရှိ ဂါးလက်သည် ယခင်က ချယ်လ်ဆီးနှင့် စာချုပ် ထပ်မံချုပ်ဆိုရေးကို ငြင်းပယ်ထားသူဖြစ်သည်။ မော်ရင်ဟိုအကြိုက် ဘောလုံးသမားများတွင် ဂါးလက်လည်း ပါဝင်လျက်ရှိရာ ယခုနှစ် ဘောလုံးရာသီတွင် ဂါးလက်ကို ချယ်လ်ဆီး၌မြင်တွေ့ရမည်ဟု မော်ရင်ဟိုက ပြောကြားနေသည်။ မော်ရင်ဟိုက ဂါးလက်အနေဖြင့် တစ်နှစ်ချင်း စာချုပ် သို့မဟုတ် ငါးနှစ်စာချုပ် ချုပ်ဆိုရန် ဆန္ဒရှိနေသည်။ ဂါးလက်က လောလောဆယ် တစ်စုံတစ်ရာ မပြောဘဲ ရှိနေသည်။ ။

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အား သုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏(၁)ရက်နေ့မှ(၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။
၂။ လ၏(၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ငွေတောင်းခံလွှာများပြုလုပ်ပါမည်။
၃။ လ၏(၁၁)ရက်နေ့မှ(၁၅)ရက်နေ့အတွင်း မီတာဖတ် စာရေးများက ကျသင့်ငွေ တောင်းခံလွှာများအား ထပ်မံလာရောက်ဝေငှပါမည်။
၄။ လ၏(၁၆)ရက်နေ့မှ (၂၅)ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများက မိမိတို့ ပေးဆောင်ရမည့် ကျသင့်ငွေများအား သက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက် လာရောက်ပေးဆောင်ရပါမည်။
၅။ လ၏(၂၆)ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေသွင်းရန် ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။
၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများက လ၏(၁)ရက်မှ(၅)ရက်နေ့အတွင်း မီတာများ အလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏(၁၁)ရက်မှ(၁၅)ရက်အတွင်း ငွေတောင်းခံလွှာများလာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လသုံးစွဲသော မီတာအား ဩဂုတ်လ(၁)ရက်နေ့တွင် စတင်ဖတ်ခြင်းမှပြုလုပ်သွားမည်ဖြစ်ပြီး နောင်လစဉ်အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။

(၃၆)နှစ်မြောက်မင်္ဂလာဆုတောင်း

ဖေဖေ **ဦးကျော်စိုး** မေမေ **ဒေါ်ကြူကြူမြင့်**တို့၏ (၃၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ ချစ်သားသမီး၊ မြေးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စေကြောင်း ဆုမွန်ကောင်း တောင်းလျက်......။

ချစ်သမီးကြီး-မမေခိုင်မင်းမင်းကျော်-ကိုမျိုးဇော်(ဖိုးသား)
ချစ်သမီးငယ်-ကျော်ကေခိုင်စိုး(ခေတ္တ စင်ကာပူနိုင်ငံ)
ချစ်မြေး-မောင်သန့်စည်သူဇော်(T.T.C)(Grade(1))(J)။

မိဘအမည်မှန်

သုံးခွမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(က)မှ မခိုင်နွယ်ထွန်း၏ မိဘအမည်မှန်မှာ ဦးကျော်မြင့်သိန်းနှင့် ဒေါ်တင်တင်မိုးဖြစ်ပါသည်။

ဦးကျော်မြင့်သိန်း-
ဒေါ်တင်တင်မိုး။

အမည်ပြောင်း

အထက(၄)ကျိုင်းတုံ၊ အဋ္ဌမတန်း(C)မှ ဦးတင်မောင်သန့်၏သား မောင်ဇင်လင်းသန့်အား စိုင်းကောင်းခန့်ဟုပြောင်းလဲခေါ်ပါရန်။

စိုင်းကောင်းခန့်။

ကျေးလက်ဒေသ ကျောင်းသားကျောင်းသူငယ်များ လွတ်လပ်ပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးမျှော်မှန်း

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဇူလိုင်၂၄ရက်က လားရှိုးမြို့ အမှတ်(၄)ရပ်ကွက် အမှတ်(၄)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ် ကျေးရွာများရှိ မူလတန်းကျောင်းများသို့ စာသင်ခုံများပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာများ၌ ပါဝင်ကူညီဆောင်ရွက်လျက်ရှိရာ ကျေးလက်ပညာရည်မြင့်မားရေး လုပ်ငန်းလည်းတစ်ခုအပါအဝင်ဖြစ်ကြောင်း၊ကျေးလက်ဒေသမှ လူငယ်လူရွယ်များအား မူလတန်း၊အလယ်တန်း၊အထက်တန်းပညာရေးမှသည်တက္ကသိုလ်ကောလိပ်အဆင့်အထိ ပညာသင်ကြားနိုင်သော အခွင့်အလမ်းကို အသုံးချနိုင်ရန်ဖြစ်ကြောင်း၊ လူတိုင်းလူတိုင်းသည် ပညာတတ်မြောက်ကြလျက် အမှားအမှန်ကို ဝေဖန်ပိုင်းခြား သိမြင်နိုင်ခြင်းဖြင့် မိမိဘဝ၊ မိမိနယ်မြေ၊ မိမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန်စွာ ကိုယ်တိုင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုကျေးရွာများရှိ မူလတန်းကျောင်း၌လိုအပ်နေသော စာသင်ခုံများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းရာတွင်လည်း ကျေးလက်ဒေသရှိကျောင်းသူကျောင်းသားငယ်များ လွတ်လပ်ပျော်ရွှင်စွာ စာသင်ကြားနိုင်ကြရေးကို မျှော်မှန်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက ကျေးလက် စာသင်ကျောင်းများသို့ စာသင်ခုံများ လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

စာသင်ခုံများလှူဒါန်း

ထို့နောက် လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာမူလတန်း ကျောင်းများအတွက် စာသင်ခုံ ၁၅၁ခုံအား လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်အုံးက လက်ခံယူသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက တန့်ယန်း၊ မိုင်းရယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ကွမ်းလုံ၊ လောက်ကိုင်မြို့နယ်များရှိ ကျေးရွာမူလတန်းကျောင်းများအတွက် စာသင်ခုံ၂၀၈ခုံကို လှူဒါန်းရာ ပြည်နယ်ပညာရေးမှူးကိုယ်စား မြို့နယ်ပညာရေးမှူးက လက်ခံယူသည်။

ဆက်လက်ပို့ဆောင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်၊ မူဆယ်ခရိုင်၊ ကွမ်းလုံခရိုင်၊ လောက်ကိုင်ခရိုင်များရှိ ကျေးရွာ မူလတန်းကျောင်းများအတွက် စာသင်ခုံပေါင်း ၃၅၉ ခုံကိုလှူဒါန်းခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးသင်းဝင်များက ကျေးရွာမူလတန်းကျောင်းအရောက် ဆက်လက်ပို့ဆောင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇော်လေး (ALE-010282)၏ဖုန်း အမှတ် ၀၉-၅၀-၀၅၁၂၄သည် ၂၂-၇-၂၀၀၆ရက် ညတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ကျပျောက်သွားပါ၍ တွေ့ရှိပါက ဖုန်း-၀၁-၅၄၀၄၄၈သို့ အကြောင်းကြားပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ **ဦးဇော်လေး။**

လူပျောက်ကြော်ငြာ

ကျွန်မ၏အဘိုးဖြစ်သူ ဦးစန်းအောင်(ခ) ဦးနတ်ပေး DNU-၀၃၄၀၃၅ အသက်(၈၄)နှစ်သည် ဇူလိုင် ၂၃ရက်တွင် ရန်ကုန်-အင်းစိန်လမ်းမ ဘူတာရုံလမ်း ကားမှတ်တိုင်အနီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်-
ဖုန်း-၇၂၅၅၀၄၊ ၀၉-၅၀၀၅၉၄၃၊ ၀၉-၅၁၆၈၃၂၆
မဥမ္မာဦး(လှိုင်)



ကွာရှင်းပြတ်စဲပြီးစီးခြင်း

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အမှတ် ၁၈နေ ကျွန်မ ဒေါ်သီတာထွန်း ၁၂/မရက(နိုင်)၁၁၀၂၆၈နှင့် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဦးအောင်ဇေယျလမ်း အမှတ် ၂၈၂နေ ဦးသိန်းထွန်း ၁၂/မရက(နိုင်)၀၄၄၇၅၂တို့သည် ၂၇-၇-၂၀၀၆ရက်တွင် ကမာရွတ်မြို့နယ် တရားရုံး၌ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ **ဒေါ်သီတာထွန်း။**



အမှတ် ၅၂၈ သူရ ၂လမ်း ၉ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ယဉ်နုနှင့်ညီမ ဒေါ်ခင်စု၊ သမီး မမြင့်မြင့်အေးတို့က စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် ကပွေးကြီးရွာ စတုဘုမ္မိကကျောင်း စက်ရေတွင်းတူးရန်အတွက် အလှူငွေကျပ် ၃၅၀၀၀၀ကို ဘောက်ထော်ဆရာတော် အရှင်ကုမာရထံမှ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းကြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် ဇူလိုင် ၂၇

မန္တလေးမြို့ ရွှေစာရံ Golf Resortတွင် ဇူလိုင် ၁၅ရက်က ဦးကျော်နိုင်ဦး (ရတနာလင်းစားသောက်ဆိုင်)သည် ကစားဖော် ဦးဌေးမြင့်၊ ဒုတိယဗိုလ်မှူးကြီးသောင်းမြင့်၊ ဦးခါန်းဒါးဆိုင်းအောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ဂေါက်သီးအမျိုးအစား Maxfli-4 ကို ဂေါက်ရိုက်တံအမျိုးအစား Bermuda Iron-7ဖြင့် ၁၇၇ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၈)သို့ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားခဲ့ပြီး ဦးကျော်နိုင်ဦးကို ကောင်းမြတ်ကုမ္ပဏီ (KM Golf Centre)မှ ငွေကျပ်ငါးသိန်းတန် ဂေါက်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(က-ပ)**

ရှာရန် ရာနှုန်း ၈၀

မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံဖလား အိုးပင်းစစ်တုရင်ပြိုင်ပွဲ ဝင်းဇော်မိုး ဦးဆောင်

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပထမအကြိမ် မုတ်သုံဖလား အိုးပင်းစစ်တုရင်ပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ခန်းမတွင် ကျင်းပရာ ခြောက်ပွဲကစားပြီးချိန်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝင်းဇော်မိုးသည် ငါးပွဲနိုင် တစ်ပွဲသရေ ငါးမှတ်ခွဲဖြင့် ပြိုင်ပွဲကို ဦးဆောင်နေပြီး ၎င်းနောက်တွင် ဖြိုးချစ်၊ ပီတာကျော်မိုး၊ သန်းဝင်း၊ စည်သူ(GTC)၊ ခင်မောင် သက်နှင့်အောင်ကိုဟိန်းတို့သည် ငါးမှတ်စီဖြင့် ဒုတိယနေရာမှ ကပ်လိုက်လျက်ရှိသည်။

ပြိုင်ပွဲများကို နေ့စဉ်မွန်းလွဲ၁နာရီမှစ၍ ကျင်းပလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပုံမှန်စည်းဝေး အဖွဲ့ခွဲခေါင်းဆောင်များ ရှေ့လုပ်ငန်းစဉ်ရှင်းလင်း

မန္တလေး ဇူလိုင် ၂၂

မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့၏ လစဉ်ပုံမှန် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၇/၂၀၀၆)ကို ဇူလိုင် ၁၆ ရက် မွန်းလွဲ၁နာရီက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်း၊ မြို့တော်ဝန်ဇနီး ဒေါ်မိုးသီတာ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ကြေးမုံဦးနှင့်အဖွဲ့ ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ တိုင်းအမျိုး သမီးရေးရာအဖွဲ့ဌာနကြီး၄ါးခု၊ လုပ်ငန်းအဖွဲ့၄ါးဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ခွဲခေါင်းဆောင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး **(ယာပုံ)** အတွင်းရေးမှူးဒေါ်ခင်သောင်းနှင်းက (၆/၂၀၀၆) အစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဌာနကြီး၄ါးခု၊ လုပ်ငန်းအဖွဲ့၄ါးဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် များနှင့်အဖွဲ့ခွဲခေါင်းဆောင်များက ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းက လိုအပ်သည်များကိုဖြည့်စွက် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ဂုန်လျှော်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းကြီးမှူး ချဉ်ပေါင်လျှော် အစိမ်းခွာနည်း သရုပ်ပြပွဲ ဓနုဖြူ၌ကျင်းပ

ဓနုဖြူ ဇူလိုင် ၁၇

မြန်မာ့ဂုန်လျှော် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကကြီးမှူး၍ ချဉ်ပေါင်လျှော်အစိမ်းခွာနည်း သရုပ်ပြပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီက ဓနုဖြူမြို့နယ် သပြုကျေးရွာ အထကခွဲခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဂုန်လျှော်စိုက်ပျိုးဝယ် ယူရေးမန်နေဂျာ ဦးမျိုးဝင်းက ဓနုဖြူ မြို့နယ် ကျေးရွာအုပ်စု ၃၆ အုပ်စု တွင် မိုးကြိုနှင့် မိုးတွင်းစိုက်ရန် ဂုန်လျှော် ချဉ်ပေါင်ဧက ၃၂၀၀ စိုက် ပျိုး၍ တောင်သူလယ်သမားများ အပို ဝင်ငွေရရှိကြောင်း ရှင်းလင်းပြောကြား သည်။

ထို့နောက် ဂုန်လျှော်စိုက်ပျိုး ဝယ် ယူရေးမန်နေဂျာနှင့် ဝန်ထမ်းများသည် သပြုအထကခွဲအောက်ထပ်တွင် ချဉ် ပေါင်လျှော်အစိမ်းခွာနည်း သရုပ်ပြပွဲ ကိုပြသရာ ခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး စိန်မောင်နှင့် တက်ရောက် လာကြသည့် တောင်သူလယ်သမား များက ကြည့်ရှုလေ့လာကြသည်။

(ဝဲပုံ) (၀၅၈)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင် ပျိုးထောင်ထားရှိမှုကို ဇူလိုင် ၂၁ ရက်က မွန်ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မြန်မာအသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း(၅)ရက်

၂၉-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) သည်သောင်ယံက မခွာရက်နိုင်တယ်
(၂) ချစ်လှိုင်းသံ
(၃) ရွေးကုသိုလ်

၀၉:၄၅ အာဆီယံအစီအစဉ်

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာဖြေကြားလွှာ)

၁၁:၃၅ အဘိုးအဘွားအလေးထားကဏ္ဍ (အသင်းအတွင်းစာရင်းစစ် ဦးခင်မောင်သစ်နှင့် ဆွေးနွေးခန်း)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂:၁၀ နေ့စဉ်သုံး အီဒီယမ် (ဆရာဦးသိန်းလွင်)

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း-ကာယပညာ- မြန်မာနိုင်ငံ ကျောင်းသား အားကစားပွဲတော်)

ညနေပိုင်း

၁၆:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ရွှေမင်းဂံ
(၂) အမွန်းသူ့ကိုတင်
(၃) ပန်းအကြွေငယ် စမ်းရေဝယ်

၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်းနှင့် ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်တို့၏ ခေတ်ဟောင်း၊ ကာလပေါ်တေး)

၁၇:၁၅ ခေတ်ဟောင်းတေး
(၁) မိုးပဇ္ဇုန်
(၂) မိုးနတ်မောင်
(၃) ရွှေစုံပယ်တင်

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (လူပ်ရှားရင်းနှင့် အသက်ရှင်ပါ- ဖူးသန့်-ဆေးတက္ကသိုလ်)

၁၈:၄၅ သိမှတ်စရာ ကွန်ပျူတာ (ကွန်ပျူတာနှင့် သိသင့် သိထိုက်သော အကြောင်းများ)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အချစ်များနှင့် ကမ္ဘာ-၄ တေးစီးရီး)

၂၀:၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) လွမ်းအိပ်မက်က သံသရာရှည်
(၂) အချစ်ရေး
(၃) လက်ကျန်ဘဝလေး ဆက်တော့မယ်

မြောင်းမြမြို့၌ အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့် တရားမဝင် ရောင်းဝယ်မှုတိုက် ဖျက်ရေးနေ့ စာစီစာကုံးပြိုင်ပွဲဆု ပေးပွဲကို ဇွန် ၃၀ ရက်က ကျင်းပရာ အလယ်တန်းအဆင့်ပြိုင်ပွဲ၌ ဒုတိယ ဆုရအထက(၁)မှ မနွဲ့သျှန္တီသိန်း အား မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ရေမြောင်းများတူးဖော်

မိုင်းယောင်း ဇူလိုင် ၈

မိုင်းယောင်းမြို့နယ် စည်ပင်သာ ယာရေး အဖွဲ့ဝန်ထမ်းများ ရေစီးရေ လာကောင်းမွန်ရေးအတွက် ဆောင် ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်က မိုင်းယောင်း မြို့မဈေးကြီးအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်း မွန်ရေး တူးဖော်ရှင်းလင်းခြင်းကို မြို့ နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်းက ကြပ်မတ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပခုက္ကူမြို့ အမှတ် (၁၁)ရပ်ကွက်အတွင်းရှိ ပြည်သူများအတွက် အများ သုံးရေကန်မှ သောက်သုံးရေဖြန့်ဝေပေးနေမှုကို ဇူလိုင် ၃ ရက်က အမှုဆောင် အရာရှိ ဦးကြည်တင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

စလင်းမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး

စလင်း ဇူလိုင် ၁၀

စလင်းမြို့နယ် အမျိုးသမီးရေး ရာအဖွဲ့၏ ဦးဆောင်၍ ၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်း အမှတ် လှုပ်ရှားမှုအဖြစ် ခြံစည်းရိုး ကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက်က ရှမ်းစုအုပ်စု တဲကုန်းရွာ စိုက်ကွင်းတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်တက်ရောက် ၍ စိုက်ပျိုးပေးသည်။ **(ယာပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါ စိုက်ပျိုးပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ နှင့် ဒေသခံပြည်သူများ စုပေါင်းစိုက် ပျိုးကြရာ ၁၀ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်

ဖလမ်း ဇူလိုင် ၁၇

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်း များလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့နယ်ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင် ညွန့်က ဒို့တာဝန်အရေးသုံးပါးနှင့် ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်က ဝန်ကြီး၏မှာကြား ချက်၊ ပြည်သူ့စာကြည့်တိုက်အကြောင်းနှင့် ကျေးရွာစာကြည့်တိုက်များ ရေ ရှည်တည်တံ့ရေးကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမန်းစိန်က ရုံးစာရေးသားနည်း၊ စာရွက်စာတမ်း လုံခြုံစွာ ကိုင်တွယ်ထိန်းသိမ်းနည်းကိုလည်းကောင်း ပို့ချကြသည်။

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း သိရ သည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး ကွန်ကရစ်တံတားဆောက်

မိတ္ထီလာ ဇူလိုင် ၅

မိတ္ထီလာမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က မြို့သာယာလှပရေး၊ ရေ စီးရေလာကောင်းမွန်စေရေးနှင့် လမ်း ပန်းဆက်သွယ်မှု ကောင်းမွန်စေရေး အတွက် စည်သူရေဆိုးမြောင်းပေါ်တွင် သံကူကွန်ကရစ်တံတားတစ်စင်း တည် ဆောက်လျက်ရှိသော လုပ်ငန်းခွင်နှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန် ကြားမှုဦးစီးဌာန ရုံးဘေးကိုယ့်အားကိုယ် ကိုး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း များကို ဇွန် ၂၁ ရက်က အမှုဆောင် အရာရှိ ဦးခင်မောင်ချိုနှင့် အင်ဂျင်နီယာ မှူး ဦးဆန်းဝင်းတို့ ကြည့်ရှုစစ်ဆေး သည်။

(၄၁၄)



ဖျာပုံမြို့ အခြေခံပညာမူလတန်းကျောင်းများသို့ ဗလာစာအုပ်၊ ခဲတံနှင့်စာရေးခုံများ ပေးအပ်လှူဒါန်း

ဖျာပုံ ဇူလိုင် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဧရာဝတီတိုင်းတာဝန်ခံ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ပံ့ပိုးမှုဖြင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖျာပုံမြို့နယ်အတွက် လှူဒါန်းသည့် ဗလာစာအုပ်နှင့် ခဲတံ ဒါဇင် ၂၀ စီနှင့် ကျောင်းသုံးစာရေးခုံအရှည် ၂၃ ခုံကို မြို့နယ်အတွင်းရှိ အမကကျောင်းများသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားများကို ဇူလိုင် ၅ ရက်က သမိန်ထောကျေးရွာ အမက သလိပ်ကြီးကျေးရွာ အမကနှင့် မြို့မရပ်ကွက် ၁၈ လိပ်ခုံကုန်း အမကသုံးကျောင်းတို့တွင် ကျင်းပသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ အခမ်းအနားများသို့ ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်စိုးစိုးရီ၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးအေးကြိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် ခရိုင်နှင့် မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် မြို့နယ်လက်ထောက်ပညာရေးမှူး (စစ်ဆေးရေး)ဦးတင်အေးတို့ တက်ရောက်ကြပြီး သက်ဆိုင်ရာကျောင်းအုပ်များထံ ပေးအပ်လှူဒါန်းသည်။ **(၁၅၈)**

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန်၃၀ ရက်က မြို့မဈေးကြီးရှေ့ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုးနှင့် ဦးစီးအရာရှိ ဦးမျိုးဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဖြူးမြို့ ပဲခူးလမ်းမြောက်ပိုင်းနေ ဒေါ်မြရီ အသက်(၉၃)နှစ်ပြည့် အလှူတော်ငွေကျပ် လေးသိန်းကို ဇူလိုင် ၁၇ ရက်က ဖြူးမြို့ အောင်ဇေယျပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (၂၈၄)

ကလေးသူငယ်ပြုစုပျိုးထောင်ရေး နည်းပြသင်တန်းဖွင့်

ပခုက္ကူ ဇူလိုင် ၁၉

ပခုက္ကူခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းလူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ တက်သစ်စ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ရေး နည်းပြသင်တန်းဖွင့်ပွဲကို ဇူလိုင် ၇ရက် နံနက် ၉နာရီက ပခုက္ကူမြို့ လူမှုဝန်ထမ်းဦးစီးဌာန နေ့ကလေးထိန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မူကြိုကျောင်းတာဝန်ခံနှင့် ဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းလူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသိန်းက သင်တန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက် ၂၀ ဖြစ်သည်။ **(၄၁၃)**

ဇီးကုန်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

ဇီးကုန်း ဇူလိုင် ၂၀

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ဇီးကုန်းမြို့ အရှေ့ခြမ်း ဆိတ်ဖူးကျင်းကျေးရွာအုပ်စု ကံကြီးကြိုးဝိုင်းတွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်၍ ကျွန်းပင် ၃၀၀ နှင့် မဟော်ဂနီပင် ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အကြိမ်(၅၀)မြောက်သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးဟုတ်ကြည် **(အပေါ်ပုံ)** သည် ဇွန် ၂၁ ရက်က မုံရွာမြို့ ပြည်သူ့ဆေးရုံ သွေးလှူဘဏ်သို့ အကြိမ် (၅၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ငါးသယံဇာတများနှင့် ငါးထုတ်လုပ်မှုမြင့်မားရေး ဒရယ်မီးချောင်း၌ ငါးမျိုးစိုက်ထည့်

ဒိုက်ဦး ဇူလိုင် ၂၄

ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ငါးထုတ်လုပ်မှု ပိုမိုမြင့်မားစေရေးအတွက် မြစ်ချောင်းများနှင့် အင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၁၀နာရီက ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အတွင်းရှိ ဒရယ်မီးချောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမျိုးသူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ပဲခူးတိုင်း ကလိငါးသားပေါက်စခန်းမှ ထုတ်လုပ်သော ငါးခုံးမကြီးနှင့် ငါးမြစ်ချင်းငါးမျိုး ငါးသားပေါက်ကောင်ရေ ၁၇၅၀၀၀၀ ခန့်ကို မြို့နယ်အတွင်းရှိ ချောင်းများ၊ အင်းအိုင်များအတွင်း စုပေါင်းငါးမျိုးစိုက်ထည့်ကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ရေတိုက်စားမှုကာကွယ်ရန် ရေကာတန်းများပြုပြင်

သံတွဲ ဇူလိုင် ၁၀

သံတွဲမြို့ ဥယျာဉ်ကွင်း ကျေးလက်လမ်းပေါ်ရှိ တံတားအောက်ခြေ ရေတိုက်စားမှု ကာကွယ်ရန်အတွက် ရေကာတန်းများ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဇွန် ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆိပ်ငယ်ဈေးကြီးအတွင်းအပြင် ခြင်ဆေးဖျန်းခြင်းကို ဇွန် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် ဈေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပင်မ ရေစက်ရုံကို စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးစိုးကိုကို ဇူလိုင် ၁၂ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နမ္မတူ မြို့နယ် စီမံကိန်းတာဝန်များပေးအပ်

နမ္မတူ ဇူလိုင် ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန် ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၄အုပ်စုမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆောင်ရွက်နိုင်ရေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းဖုးကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာဝင်းက ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးနေဝင်းက ဆင်းရွှေလီစပါး တစ်ဧကတင်း ၂၅၀ နှုန်းထွက်ရှိရေးနှင့် ခြစ်စည်းရိုးကြက်ဆူပင် လျှာထားချက်ကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ကဏ္ဍအလိုက်

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ၂၀၀၆-၂၀၀၇ ခုနှစ် ကဏ္ဍအလိုက် စီမံကိန်းတာဝန်များ ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ပြည်တွင်း အခွန်များ ဦးစီးဌာန ကျောက်နီ စိုက်ကွင်း ခြစ်စည်းရိုးကြက်ဆူပင် ၂၆ ဧကတွင် ဇွန် ၁၀ ရက်က ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင် ဦးဆောင်၍ ပြည်နယ်၊ ခရိုင်နှင့် တောင်ကြီးမြို့နယ်ရုံးရှိ ဝန်ထမ်းများ စုပေါင်း၍ ခြစ်စည်းရိုးကြက်ဆူ စိုက်ခင်းကို ပေါင်းရှင်းခြင်း၊ မြေဆွခြင်းများ ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

တနောရေလှောင်တမံစီမံကိန်းလုပ်ငန်းများ အချိန်မီပြီးအောင် ဆောင်ရွက် စစ်တောင်းတံတား(မုပွလင်) သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက် ဝါးပါးရေလှောင်တမံမှတစ်ဆင့် ရေပေးမြောင်းများဖြင့် သီးထပ်နွေစပါး စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပဲခူးတိုင်းနှင့် မွန်ပြည်နယ် နယ်စပ် စစ်တောင်းတံတားသို့ ရောက်ရှိရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၇ ကော်လံ ၅** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်တောင်းတံတား(မုပွလင်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် စက်မှုမြို့ရှိ မြန်မာ့ကျွန်းသစ် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းမှ ဘက်စုံစက်မှုဖွံ့ဖြိုးရေးသို့ ကူးပြောင်းနေ ရောင်းတမ်းဝင်မဟုတ်ဘဲ ဈေးကွက်ဝင် အရည်အသွေးမြင့် ကုန်ပစ္စည်းများ ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်ရောင်းချနိုင်ရေး ထုတ်လုပ်

ရန်ကုန် ဇူလိုင် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုမြို့စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုမြို့ရှိ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်များ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိုန်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုမြို့ရှိ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်များ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၃ ကော်လံ ၁** ✡

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၌နောက်ကျမကျန်ရစ် ဦးဆောင်ရမည့်အနေအထားပင် ရောက်ရှိနေပြီဖြစ်

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၇

ကမ္ဘာ့ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှုသည် ကမ္ဘာ့ပေါ်ရှိ နိုင်ငံအများအပြားကို ရိုက်ခတ်လျက်ရှိရာ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေလွှမ်းခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ တစ်နေ့ထက်တစ်နေ့ ပိုမိုဖြစ်ပေါ်လာနေသည်။

ထို့ကြောင့် ဒေသအတွင်းရှိ နိုင်ငံများအလိုက်စုစည်းပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံကလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ **စာမျက်နှာ ၇ ကော်လံ ၁** ■

ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၂၇

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲတိုင်းထွာချက်အရ ရွှေကျင်မြို့တွင် စင်တီမီတာ ၇၀၀ သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ၇၀၀အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သက်ဆိုင်ရာမှ သတင်းရရှိသည်။
(မြန်မာ့အလင်း)